ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ တနင်္လာနေ့၊ (26-6-2006) (၅၀၀၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ယုဇနကုမ္ပဏီ၏ စားအုန်းဆီသန့်စက်ရုံတွင် လှည့်လည်ကြည့်ရှုစဉ်။
(သတင်းစဉ်)

မြတ်ဗုဒ္ဓ၏ တန်ဖိုးကြီးမား သတိပေးတရား

အပ္ပမာဒေန၊ သမ္ပာဒေထ — မမေ့မလျော့၊ မပေ့ါမတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။

"သတ္တဝါအများ အိုချစ်သားတို့၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး သင်္ခါရ တရားတို့သည် ဖြစ်လျှင် ပျက်သော သဘောရှိကုန်၏။ မြဲမြံသော သတိဖြင့် သီလ, သမာဓိ, ပညာ တရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့"

(သာသနာရေး)

ယုဇနစားအုန်းဆီသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ
တစ်နေ့လျှင် စားသုံးဆီ တန် ၂၀၀ ထုတ်လုပ်ပေးနိုင်မည်
စားသုံးသူများ သက်သာချောင်ချိရေး ဦးစားပေးရန်လို

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်း၌ ကျင်းပသော ယုဇနကုမ္ပဏီ၏ ယုဇနစားအုန်းဆီသန့် စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ယုဇနစားအုန်းဆီသန့်စက်ရုံဖွင့်ပွဲကို စက်ရုံအဝင်ဝ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကိုဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်ခလုတ်နှိပ်၍ ယုဇနဆီသန့်စက်ရုံ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စက်ခလုတ်နှိပ်၍ စက်ရုံကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်ရှိ ယုဇနကုမ္ပဏီ၏ ယုဇနစားအုန်းဆီသန့်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆–၆–၂၀၀၆
(တနင်္လာနေ့)

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစီးပွားဖြစ်စိုက်ပျိုး

မြို့ကြီးပြကြီးများ၌ ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်စည်ကားလာခြင်းနှင့်အတူ လူဦးရေ တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ ထို့ကြောင့် တိုးပွားလာသည့် ပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သားငါးလုံလောက်စွာ စားသုံးနိုင်ရေး စီစဉ်လုပ်ကိုင်လျက်ရှိသည်။

စိုက်ပျိုးရေးဖြစ်ထွန်းသော မြေများတွင် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ကြံနှင့် ဟင်းသီးဟင်းရွက်များကို အချိန်ရာသီနှင့်အညီ သီးထပ်သီးညှပ်စိုက်ပျိုးလျက်ရှိသည်။ အချို့ဒေသများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက စိုက်ပျိုးမွေးမြူရေးအထူးဇုန်များ တည်ထောင်လုပ်ကိုင်လျက် ရှိနေကြပြီဖြစ်သည်။

ရန်ကုန်မြို့နေ ပြည်သူများ သားငါးလွယ်ကူစွာ စားသုံးနိုင်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ညောင်နှစ်ပင် ကျေးရွာအနီးတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး၊ မွေးမြူရေး အထူးဇုန်ကို ထူထောင်ထားရှိသည်။ အထူးဇုန်များအလိုက် ဟင်းသီးဟင်းရွက်သီးနှံစိုက်ခင်းများ၊ ကြက်မွေးမြူရေးခြံများနှင့် ငါးမွေးမြူရေးကန်များ တူးဖော်လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများရှိနေသည်။

လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာနှင့်အခြား ကျေးရွာလေးရွာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ အစီအစဉ်ဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးလျက်ရှိသည်။ စုစုပေါင်း ဧက ၂၀ တွင် နာနတ်ပင် တစ်သိန်းခွဲစိုက်ပျိုးခဲ့ရာ တောင်သူများ ဝင်ငွေတိုး အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အကြား ဘိုင်းဒါးဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်တွင်လည်း ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်း၊ ဖရုံ၊ ဖရဲ၊ ငရုတ်၊ ကြက်သွန်နီ၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။ အဆိုပါ စိုက်ပျိုးရေးအထူးဇုန်မှ ဟင်းသီးဟင်းရွက် တန်ချိန်ခြောက်ထောင်ကျော်ခန့် ထုတ်လုပ်၍ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဘားအံနှင့် မူဆယ်မြို့များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

နေ့စဉ်တိုးတက်များပြားလာလျက်ရှိသည့် လူဦးရေနှင့်အတူ စားနပ်ရိက္ခာ၊ ဟင်းသီးဟင်းရွက်နှင့် သားငါးလုံလောက်စွာ စားသုံးနိုင်ရေး လိုအပ်ချက်သည် ရှိနေဦးမည်ဖြစ်သည်။ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများက စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ တိုးချဲ့တည်ထောင်ခြင်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးမွေးမြူလုပ်ကိုင်လာခြင်းတို့ဖြင့် ပြည်သူများ စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေး ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မြကန်သာ အိမ်ရာ၊ မြကန်သာ (၅)လမ်းနှင့် ၄ဝါ(၄)လမ်းထောင့်နေ ဦးဝေလင်း–ဒေါ်ခင်အေးဝင်း မိသားစုတို့က ဦးဝေလင်းနှင့်သား မောင်ကျော်ဇင်သန့်တို့၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင် ကျပ်နှစ်သိန်းခြောက်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ငါ့သရောက်ရေလှောင်တမံနှင့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၈ရက် နံနက်စနာရီတွင် မန္တလေးတိုင်း ညောင်ဦးခရိုင်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ငါ့သရောက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ဆောင်ရွက်ပြီးစီးသော ပင်မတမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်လုပ်ငန်းများကို ဒီဇိုင်းပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေပေးဝေနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

တင်ပြချက်များအပေါ် ဝန်ကြီးက ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုမှာကြားပြီး တည်ဆောက်ပြီးစီးနေပြီဖြစ်သော ရေပိုလွှဲကို လည်းကောင်း၊ ပင်မတမံနှင့် ရေထုတ်ပြွန်၊ ရေပေးတူးမြောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ငါ့သရောက်ရေလှောင်တမံသည် တမံအလျား ပေ ၇၅၅၀၊ တမံအမြင့် ၆၄ ပေရှိပြီး၊ ကန်ရေပြည့်ရေပြင်ကျယ်မှာ ဧရိယာ ၃၄၆ပေရှိသည်။

ငါ့သရောက် ရေလှောင်တမံနှင့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့သည် ရေသောက်ဧရိယာဆက်စပ်လျက်ရှိပြီး မိုးနည်းရေရှားဒေသ၌ ရေရရှိရေးကို စီမံဆောင်ရွက်ပေးနိုင်သဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးလာမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေလှောင်တမံ ဧရိယာနှင့်ဆက်စပ်နေသည့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၏ ရေပေးတူးမြောင်းများ၊ ရေတင်အဆင့် အမှတ်(၂)နှင့် ရေပေးဝေမှုတို့ကိုလည်းကောင်း၊ ပင်မရေတင်စခန်းနှင့် ရေတင်အဆင့် အမှတ်(၂)ကြားတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရိတ်သိမ်းတော့မည့် နွေစပါး စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင်နည်းပညာ၊ မျိုးစနစ်တကျ ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးသည် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် ပင်မရေတင်စခန်းနှင့် လျှပ်စစ်ဓာတ်အားထိန်းချုပ် စက်ရုံကိုလည်းကောင်း၊ ဧရာဝတီမြစ်အတွင်းရှိ ရေပေါ်ရေတင်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီးအား မြစ်ရေတင်စီမံကိန်း၏ရေပေးဝေမှု၊ နွေစပါးစိုက်ပျိုးမှုနှင့် မိုးစပါးစိုက်ပျိုးရန် ရေပေးဝေမှုတို့ကို စီမံကိန်းတာဝန်ခံနှင့် စိုက်ပျိုးရေး မန်နေဂျာတို့က ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးသည် ညောင်ဦးခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ အသုံးပြုရေး၊ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာအသုံးပြုရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ဧရိယာ၌ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါ စိုက်ခင်းများနှင့် ငွေချည် မျိုးသန့်ဝါမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်တို့ကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် ညောင်ဦးမြို့နယ်၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက် ဆူစိုက်ခင်း ၁၀ ဧက တစ်ကွင်းတစ်စပ်ကို ကြည့်ရှုသည်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ကိုးနှစ်မြောက် အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေတည်ထောင်ခြင်း ကိုးနှစ်မြောက် အခမ်းအနားနှင့် ငွေကျပ်တစ်သိန်းနှင့် အထက် အလှူရှင်များအား ဂုဏ်ပြုပွဲကို ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူး၍ ဇွန် ၂၇ရက် မွန်းတည့် ၁၂ နာရီတွင် ပန်းတစ်ပွင့်တောင် တောရဓမ္မသုခဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ယဉ်ကျေးမှုသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၅၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီ၊ သင်တန်းတက်ရောက်သူ ကျောင်းသား၊ ကျောင်းသူ ၃၆၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ စီဖြင့်လည်းကောင်း၊ ဇွန် ၂၈ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည့် တရားစခန်းသို့ အချိန်မီကြွရောက်ရန်နှင့် အရဏ်ဆွမ်း ငွေကျပ် ၁၅၀၀၀၀၊ နေ့ဆွမ်းငွေကျပ် ၃၀၀၀၀၀ ဖြင့်လည်းကောင်း လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ ဖုန်း–၀၅၅–၂၀၂၅၉ ၊ ဦးအောင်မျိုး ဖုန်း–၀၉၅–၀၁၅၅၂၀၊ ၂၀၃၄၉၇ နှင့် ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၀၁၈၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၆–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- **၅:၃၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ မိုးလေဝသသတင်း
- **၆:၂၅** ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း–၄၀)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ ကျန်းမာသုတ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ FAFA WORLD CUP GERMANY 2006 ဘောလုံးပွဲ -Italy Vs Australia(Live)
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

၂၇–၆–၂၀၀၆ (နံနက်ပိုင်း)
၀၁:၃၀ နာရီ
FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ - Switzerland Vs Ukraine (Live)

လော့စ်အိန်ဂျလိစ် ရုပ်ရှင်ပွဲတော် ဖွင့်လှစ်

လော့စ်အိန်ဂျလိစ် ဇွန် ၂၅

၂၀၀၆ ခုနှစ် လော့စ်အိန်ဂျလိစ် ရုပ်ရှင်ပွဲတော်ကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဇွန် ၂၂ ရက်က ဖွင့်လှစ်လိုက်သည်။

ပြသ

လော့စ်အိန်ဂျလိစ် ရုပ်ရှင်ပွဲတော်ကို နှစ်စဉ် ဇွန်လ ကျရောက်တိုင်း ၁၀ ရက်တိုင်တိုင် ကျင်းပလေ့ရှိသည်။ ရုပ်ရှင်ပွဲတော်အတွင်း အမေရိကန်နှင့် နိုင်ငံတကာ ရုပ်ရှင်ကားများ အနက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကား များကို ပြသသည်။

၂၀၀၆ ခုနှစ် လော့စ်အိန်ဂျလိစ် ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသည့် ဟောလိဝုဒ်မင်းသမီး ဘရန်းရော့ဒရစ်အား ဇွန် ၂၂ ရက် တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ယခုနှစ်တွင် ကျင်းပသည့် ရုပ်ရှင်ပွဲတော်သို့ ဧည့်သည် ၆၀၀၀၀ ကျော်တက်ရောက်ပြီး နောက်ခံစကားပြော ရုပ်ရှင်ကားများ၊ မော်ကွန်းရုပ်ရှင်ကားများ၊ ဇာတ်လမ်းတိုရုပ်ရှင်ကားများနှင့် တေးဂီတသရုပ်ဖော် ဗီဒီယိုရုပ်ရှင်ကား စုစုပေါင်း ၂၆၅ ကားကို အစီအစဉ်အတိုင်း ပြသသွားမည်ဖြစ်သည်။ လော့စ်အိန်ဂျလိစ် ရုပ်ရှင်ပွဲတော်သည် လော့စ်အိန်ဂျလိစ်မြို့နှင့် ကမ္ဘာ့နိုင်ငံများမှ ဧည့်ပရိသတ်အများအပြားကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။

ယခုနှစ်တွင် ကျင်းပသည့် လော့စ်အိန်ဂျလိစ်ရုပ်ရှင်ပွဲတော်သို့ နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၄၃၀၀ ကျော်ကို တင်သွင်းခဲ့သည်ဟု သိရသည်။

ပိုမို

ယခုနှစ်၏ လော့စ်အိန်ဂျလိစ် ရုပ်ရှင်ပွဲတော်သို့ တင်သွင်းသည့် ရုပ်ရှင်ဇာတ်ကား အရေအတွက်မှာ လွန်ခဲ့သည့်နှစ်ရုပ်ရှင်ပွဲတော်ကထက်ဇာတ်ကား ၆၀၀ ပိုမိုများပြားသည်။ ***အင်တာနက်။***

ရာစုနှစ် နှစ်စုအတွင်း လက်ထပ်ရန် အကောင်းဆုံးနှစ် ၂၀၀၆ ခုနှစ်ဖြစ်ကြောင်း ဝေဒသုတေသီများ သတ်မှတ်

ဆိုးလ် ဇွန် ၂၅

တောင်ကိုရီးယားနိုင်ငံတွင် ဝေဒသုတေသီများ၏ တွက်ကိန်းများအရ ၂၀၀၆ ခုနှစ်ကို ရာစုနှစ် နှစ်စုတာကာလအတွင်း ထိမ်းမြားလက်ထပ်ရန် အကောင်းဆုံးနှစ်အဖြစ် သတ်မှတ်ထားသဖြင့် အိမ်ထောင်ပြုရန် ရည်ရွယ်ထားကြသူ ကိုရီးယားမောင်မယ်များသည် မင်္ဂလာလက်ထပ်ပွဲများ ဖြစ်မြောက်ရန် အမြန်ဆုံး စီစဉ်လျက်ရှိကြကြောင်း ကိုရီးယားမီဒီယာများက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြသည်။

ယခုနှစ်၏ ကိုရီးယားပြက္ခဒိန်အရ နွေဦးပေါက် ရာသီဝင်ရောက်သည့် နေ့ရက်နှစ်ကြိမ်ရှိပြီး ယင်းကဲ့သို့သော ဖြစ်စဉ်မှာ ကြုံတောင့်ကြုံခဲဖြစ်ကာ မင်္ဂလာမောင်မယ်များ အိမ်ထောင်ရေးတွင် အလွန်ကံကောင်းမည်ဟု ဟောကိန်းထုတ်မှုများရှိသည်။ နွေဦးပေါက်ရာသီသို့ ဝင်ရောက်သည့်နေ့ရက်နှစ်ကြိမ်ကျရောက်ခြင်းသည် ဘီစီ ၂၂၁ ခုနှစ်နောက်ပိုင်း ၁၂ ကြိမ်မျှသာ ဖြစ်ပေါ်ခဲ့ကြောင်း ဝေဒပညာရှင်များက ပြောကြားသည်။

နွေဦးပေါက်ရာသီ ဝင်ရောက်သည့်ရက် နှစ်ကြိမ်ကျရောက်သည့် ကာလအတွင်း ထိမ်းမြားလက်ထပ်သော စုံတွဲများသည် အိုအောင်မင်းအောင် ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်နိုင်မည်ဖြစ်ကြောင်း ဝေဒဟောကိန်းများတွင် ဖော်ပြသည်။

အင်တာနက်။

ဇွန်၂၃ရက်က ထိမ်းမြားလက်ထပ်ပြီးစ တောင်ကိုရီးယား မင်္ဂလာမောင်မယ်နှစ်ဦးတို့ မြို့တော်ဆိုးလ်ရှိ ရှေးဟောင်း နန်းတော် အတွင်း မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပြီးနောက် ပြန်လည်ထွက်ခွာလာစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်တွင် အမျိုးသားဦးရေ ပိုမိုများပြား

ပေကျင်း ဇွန် ၂၄

တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၃၀ ပြည့်နှစ်လယ်ပိုင်းတွင် ၁ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိလာနိုင်ပြီး ကျားမအချိုးအစားအရ အမျိုးသား ၁၁၉ ဦးလျှင် မိန်းကလေး ၁၀၀သာ ရှိမည်ဖြစ်ကာ အမျိုးသားဦးရေကသာလွန်နေဦးမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာက သောကြာနေ့တွင် ဖော်ပြလိုက်သည်။

ကျဆင်းလာမည်

၂၀၀၅ ခုနှစ်တွင် တရုတ်လူဦးရေသည် ၁ ဒသမ ၃၀၇ ဘီလီယံရှိခဲ့ရာမှ ၂၀၃၀ပြည့် နှစ်လယ်ပိုင်းနောက်ပိုင်းတွင် တဖြည်းဖြည်း စတင်ကျဆင်းလာမည်ဖြစ်သည်ဟု သတင်းစာက ဖော်ပြသည်။

ဆက်လက်တည်ရှိ

တရုတ်နိုင်ငံ၏ အမျိုးသား၊ အမျိုးသမီး အချိုးအစားသည် လွန်ခဲ့သည့် ခြောက်နှစ်တာ ကာလက ကောက်ယူခဲ့သည့် သန်းခေါင်စာရင်း အတိုင်းပင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ချိုင်းနားဒေလီ သတင်းစာက ရေးသားသည်။

နိုင်ငံတကာ၏ ပျမ်းမျှ ကျားမ အချိုးအစားအရ အမျိုးသား ၁၀၃ ဦး ရှိလျှင် အမျိုးသမီး ၁၀၇ ဦးရှိရမည်ဖြစ်သော်လည်း တရုတ်နိုင်ငံ၏ ကျားနှင့်မ အချိုးအစားသည် ၁၉၉၀ ပြည့်နှစ်တွင် ၁၁၁ ဦးလျှင် ၁၀၀ သာရှိခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



လျှို့ဝှက်အကျဉ်းစခန်းများနှင့် ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီး ဝေဖန်

ဂျီနီဗာ ဇွန် ၂၄

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံးအနေဖြင့် လုံခြုံရေးအရထိန်းသိမ်းထားသည့် အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုတားမြစ်ရန်နှင့် ၎င်းတို့အား တရားမျှတသည့် ရုံးတင်စစ်ဆေးမှုပြုလုပ်ရန် တာဝန်ရှိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးဖြစ်သူ လူဝစ္စအာဘာက အမေရိကန်ဦးဆောင်ပြုလုပ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ထိုးစစ်ဆင်နွှဲမှုကို ရည်ရွယ်၍ သတိပေးပြောကြားလိုက်သည်။

လျှို့ဝှက် တည်ထောင်ထားသည့် အကျဉ်းစခန်းများ ရှိနေမှုအပေါ် စိုးရိမ်မကင်းရှိပြီး ယင်းစခန်းများတွင် နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်နေသည်ဟု လူဝစ္စအာဘာက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်ပြည်ထောင်စု အတိုက်အခိုက် ခံရပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ထိုးစစ်ဆင်နွှဲမှုကို အာဘာက ရည်ညွှန်းပြောကြားခြင်းဖြစ်ပြီး ၎င်း၏ ပြောကြားချက်နှင့် ပတ်သက်၍ အမေရိကန်ကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်မှုကို စောင့်စားနေသည်။

နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူလူချင်း စာနာထောက်ထားရေး ဥပဒေတွင် နိုင်ငံအားလုံးက ထိန်းချုပ်မှုများ ပြုလုပ်ရန် ခြွင်းချက်မရှိပြဋ္ဌာန်းထားကြောင်း၊ ယင်းထိန်းချုပ်မှုများတွင် နှိပ်စက်ညှဉ်းပန်းမှုကို ပိတ်ပင်ရေးနှင့် အကျဉ်းသားများအား တရားမျှတစွာ စစ်ဆေးနိုင်ခွင့်ရှိရေးအချက်များ ပါဝင်ကြောင်း အာဘာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကူဝိတ်ရေနံရောင်းချမှု အမြတ်အစွန်းများစွာရရှိ

ကူဝိတ်စီးတီး ဇွန် ၂၄

ကူဝိတ်နိုင်ငံက လွန်ခဲ့သည့်၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာနှစ်တွင် ရေနံရောင်းချရာမှ ကူဝိတ်နိုင်ငံသုံး ဒိုင်နာ ၂ ဒသမ ၃၁၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၇ ဒသမ ၈၇ဘီလီယံ)အထိ အသားတင်အကျိုးအမြတ်ရရှိခဲ့ကြောင်း နိုင်ငံပိုင်ကူဝိတ် ရေနံကော်ပိုရေးရှင်း (ကေပီစီ) က သောကြာနေ့တွင် ကြေညာသည်။

မတ် ၃၁ ရက်တွင် ကုန်ဆုံးသည့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် ကေပီစီက ရေနံရောင်းချရာမှ အမြတ်အစွန်းရရှိမှုသည် ကေပီစီ ထူထောင်ဖွဲ့စည်းပြီးသည့်နောက် အများဆုံးပမာဏဖြစ်သည်ဟု ကူဝိတ် စွမ်းအင်ဝန်ကြီးနှင့် ကေပီစီဥက္ကဋ္ဌဖြစ်သူ အာမက်အယ်လ်ဆာဘားက ပြောကြားသည်။

လွန်ခဲ့သည့် ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရေနံရောင်းချရာမှရရှိသည့် အမြတ်အစွန်းသည် ဒိုင်နာ ၅၄၄ သန်း(ဒေါ်လာ ၁၈၄၉ ဒသမ ၆ သန်း) တိုးတက်လာခဲ့ခြင်း ဖြစ်သည်ဟု အယ်လ်ဆာဘားက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အာဂျင်တီးနား ဘောလုံးအသင်းမှ လီယွန်နယ်လ်မက်ဆီ၏ ပုံတူ သဲပန်းပုရုပ် ထုလုပ်နေသည်ကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားနှင့်ပနားမား စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မည်

ပနားမားစီးတီး ဇွန် ၂၄

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ပနားမားနိုင်ငံနှင့် စွမ်းအင်ကဏ္ဍတွင် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကိုကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးသည်။ ယင်းသဘောတူညီချက်များတွင် တစ်နေ့လျှင် ရေနံပီပါ ၁၅၀၀၀၀ ထက်မနည်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံတစ်ရုံ တည်ဆောက်ရေး အစီအစဉ်လည်း ပါဝင်ကြောင်း ရိုက်တာသတင်းအရ သိရသည်။

ကြိုးပမ်းလျက်ရှိ

သမ္မတ ချာဗက်ဇ်က အမေရိကန်၏ နယ်ချဲ့စနစ်ကို တန်ပြန်ရေး လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် လက်တင်အမေရိကဒေသမှ အိမ်နီးချင်းနိုင်ငံများနှင့် စွမ်းအင်သဘောတူညီချက် အများအပြား ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

လက်မှတ်ရေးထိုး

ပနားမားနိုင်ငံတွင် ရေနံချက်စက်ရုံတစ်ရုံတည်ဆောက်ရေးနှင့် ရေနံပိုက်လိုင်း ပြင်ဆင်တိုးချဲ့ရန်အတွက် ပနားမားသမ္မတ မာတင်တော်ရီလျော့စ်နှင့် သဘောတူစာချွန်လွှာတစ်ရပ်ကို ကြာသပတေးနေ့က လက်မှတ်ရေးထိုးခဲ့သည်။ မိမိတို့အနေဖြင့် ဗင်နီဇွဲလားပြည်သူလူထုအတွက် ပထမဆုံးအနေဖြင့် ရေနံ အရင်းအမြစ်များရရှိစေရန် ဆောင်ရွက်နေပြီး နောက်အဆင့်အနေဖြင့် လက်တင်အမေရိက၊ တောင်အမေရိကနှင့် ကာရစ်ဘီယံဒေသမှ ညီအစ်ကိုတော်များအတွက် ဆောင်ရွက်ပေးမည်ဖြစ်သည်ဟု ချာဗက်ဇ်က အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ်နိုင်ငံ ဆိုင်ဂုံဆိပ်ကမ်းရှိ ပင်မ ကုန်သေတ္တာလွှင်ပြင်ကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ငါးလင်ပန်းမျိုးစိတ်ကျောက်ဖြစ်ရုပ်ကြွင်း တရုတ်တွင်တွေ့ရှိ

ပေကျင်း ဇွန် ၂၄

နှစ်သန်းပေါင်း ၁၀၀ ကျော်ကာလမှ ရှားပါးသော ငါးလင်ပန်းငါး၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တရုတ်သိပ္ပံပညာရှင်များက တရုတ်နိုင်ငံမြောက်ပိုင်းရှိ မွန်ဂိုလီးယားဒေသတွင် ရှာဖွေ တွေ့ရှိခဲ့သည်။ အဆိုပါ ငါးလင်ပန်း ကျောက်ဖြစ်ရုပ်ကြွင်းသည် နှစ်ပေါင်းသန်း ၃၀၀ ကျော်က တည်ရှိခဲ့သည့် ငါးမျိုးစိတ်၏ ရုပ်ကြွင်းဖြစ်ကြောင်း၊ အဆိုပါ ငါးလင်ပန်းမျိုးစိတ် ကျောက်ဖြစ်ရုပ်ကြွင်းကို ဥရောပဒေသတို့တွင် မတွေ့ရဘဲ အာရှဒေသမှ ရေချိုသဘာဝ ပတ်ဝန်းကျင်တွင် တွေ့ရှိရတတ်ပြီး နှစ်သက်တမ်းအားဖြင့် ၆၅ သန်းအထိ ရှိနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံ အကယ်ဒမီကျောင်းမှ သိပ္ပံပညာရှင် ဇန်မီမန်က ပြောကြားသည်။

တွေ့ရှိ

ယင်းတွေ့ရှိချက်နှင့် ပတ်သက်သည့် သတင်းကို ကြာသပတေးနေ့ထုတ် နေချားသတင်းဂျာနယ်တွင် ရေးသားဖော်ပြထားသည်။ အဆိုပါ ငါးလင်ပန်းမျိုး ကျောက်ဖြစ်ရုပ်ကြွင်းကို ရှေးဟောင်းရေချိုကန် တစ်ကန်ဖြစ်သည့် ဂျီဟိုဘိုင်အိုတာတွင် တွေ့ရှိခဲ့ရကြောင်း၊ ယင်းရေချိုကန်တွင် ငှက်များ၊ ဒိုင်နိုဆောများ၊ နို့တိုက် သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ငါးများ၊ အင်းဆက်ပိုးမွှားများနှင့် သစ်ပင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်း အများအပြားကို တွေ့ရှိခဲ့ရကြောင်းရှေးဟောင်းသုတေသနသိပ္ပံ ပညာရှင်တစ်ဦးဖြစ်သူ ဇူဆောင်ဟီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ၏ အနောက်ပိုင်းဒေသရှိ အန်ဘာပြည်နယ်တွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုခံခဲ့ရသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး တိုက်ခိုက်မှုမဟုတ်သည့် အခြားဖြစ်ရပ်တစ်ခု၌ နောက်ထပ် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန် စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

သေဆုံး

အန်ဘာပြည်နယ်တွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အမှတ်(၁) သံချပ်ကာတပ်မမှ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့တွင် သေဆုံးခဲ့သည်ဟု အမေရိကန် စစ်ဘက် ကြေညာချက်အရ သိရှိရသည်။

တိုက်ခိုက်မှုမဟုတ်သည့် ဖြစ်ရပ်တစ်ခု ဗုဒ္ဓဟူးနေ့တွင် ပေါ်ပေါက်ခဲ့ရာ၌ နိုင်ငံစုံ ဘဂ္ဂဒက်တပ်မမှ နောက်ထပ် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်ဟု စစ်ဘက်က ပြောကြားသော်လည်း အသေးစိတ် ဖော်ပြခြင်းမရှိပေ။

၂၅၀၈ဦးရှိ

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ခဲ့သည့် နောက်ပိုင်း အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၅၀၈ ဦးရှိပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်မှ ပါကစ္စတန်နှင့် အိန္ဒိယသို့ ဆက်သွယ်မည့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မှ အမဲသားတင်သွင်းမှု ဂျပန်ပြန်လည်ခွင့်ပြု

တိုကျို ဇွန် ၂၄

ဂျပန်နိုင်ငံသည် နွားရူးရောဂါကြောင့် အမေရိကန်မှ တင်သွင်းသော အမဲသားများကို ငါးလတာမျှ ရပ်ဆိုင်းပြီးနောက် တင်ပို့မှုကို ပြန်လည်ခွင့်ပြုသဘောတူခဲ့ကြောင်း၊ အမေရိကန်အစိုးရ၏ လိုင်စင်ဖြင့် လုပ်ကိုင်နေသော အမဲသားကုန်ချောထုတ်လုပ်ရေး စက်ရုံများကို ဂျပန်ကိုယ်စားလှယ်အဖွဲ့က သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ထုတ်ပြန်

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ ဘုရှ်နှင့် တွေ့ဆုံရန် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိ ဝါရှင်တန်သို့ မသွားရောက်မီ ရက်သတ္တတစ်ပတ်မျှသာလိုတော့ချိန်တွင် အဆိုပါ ထုတ်ပြန်ချက်ထွက်ပေါ်လာသည်။

ဝယ်ယူခဲ့

အမဲသားတင်သွင်းမှု မပိတ်ပင်မီ ဂျပန်နိုင်ငံသည် အမေရိကန်မှ အမဲသားမှာယူမှု အများဆုံးနိုင်ငံဖြစ်သည်။ ဂျပန် နိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် အမေရိကန်မှ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိ အမဲသားတန်ချိန် ၂၄၀၀၀၀ ဝယ်ယူခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း လူရည်ချွန် လူရည်မွန်များပေါ်ထွန်းရေး မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာ–

၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင်လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာအား ဖြေရှင်းဆောင်ရွက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ချမှတ်ပေးလိုက်သော ၂၀၀၆ခုနှစ် ဆောင်ပုဒ်မှာ **"မူးယစ်ဒုက္ခ မပေါ့ဆနှင့်"** "Drugs are not child's play" ဟူ၍ဖြစ်သည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လူငယ်များသာမက မည်သူမဆို မည်သည့် အသက်အရွယ်အပိုင်းအခြားတွင်မဆို အဆုံးမသတ်နိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကွင်းဆက်ဆိုးကျိုးများကို ဖြစ်ပေါ်နိုင်သည့် မူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းသော်မှ မပြုပါနှင့်၊ သုံးစွဲမိပါက စွဲလမ်းသွားကာ အတောမသတ်နိုင်သည့် ဘေးဒုက္ခအဖုံဖုံနှင့် တွေ့ကြုံခံစားရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သဝဏ်လွှာအရ ကမ္ဘာ့လူသား သန်း ၂၀၀နီးပါး တရားမဝင် မူးယစ်ဆေးဝါး အလွဲသုံးနေကြကြောင်း၊ ခရက်၊ ပေါ့၊ ဂျန့်ခ်၊ ခရစ်စတယ်၊ မက်နှင့် ဒစ်စကိုဘီစကစ် စသည့် စိတ်ဝင်စားဖွယ် ခေတ်ပေါ်အမည်နာမ အစုံဖြင့် ဆွဲဆောင်မှုမျိုးစုံရှိသည့် မူးယစ်ဆေးဝါးများကို စမ်းသပ် သုံးစွဲမိကြခြင်းသည် လူ့ဘဝကို တိုတောင်းစွာ နိဂုံးချုပ်စေမည့် လက်မှတ်များသာဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးစွဲခြင်း ဝဲဩဃတွင် သက်ဆင်းမိကြသူများထံက သင်ခန်းစာရယူပြီး မူးယစ်နွံတွင်းမသက်ဆင်းမိကြစေရန် ဆုံးဖြတ်ချက်ခိုင်မာစွာ ရပ်တည်သင့်ကြောင်းဖြင့် တိုက်တွန်းထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး၏ ဘေးဒုက္ခကို ပေါ့ပေါ့တွေး ပေါ့ပေါ့ဆဆ သဘောမထားဘဲ မူးယစ်ကင်းစင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း လူရည်ချွန် လူရည်မွန်များ ပေါ်ထွန်းရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များပေါ် အခြေခံလျက် ဖြေရှင်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းရေးဆွဲပြီး ၁၉၉၉–၂၀၀၀ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ပထမငါးနှစ် စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ မြန်မာ–အမေရိကန် နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းနှင့် မြန်မာ–UNODC တို့ ပူးပေါင်း၍ တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူခြင်း လုပ်ငန်းအစီရင်ခံစာများအရ သက်သေခံလျက်ရှိပါသည်။

ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး လုပ်ငန်းအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့များမှ စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေးအတွက် သက်ဆိုင်ရာ ကျောင်းဆရာ/ ဆရာမများမှ ပညာပေးဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဟောပြောခြင်း၊ နှစ်စဉ်ဇွန်လ ၂၆ရက်နေ့၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသည့် ပြိုင်ပွဲများ ကျင်းပရာတွင် ကျောင်းသားလူငယ်များ အဓိကပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကို များစွာအထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

အလားတူ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်/တိုင်းများတွင် မူးယစ်ဆေးစွဲသူများအား ကုသပေးရန် ဆေးကုဌာနကြီး ၂၆ခုနှင့် ဆေးကုဌာနငယ် ၄၀ ခုအား ဖွင့်လှစ်ပေးထားပြီး ဆေးကုဌာန သီးခြားဖွင့်လှစ်နိုင်ခြင်း မရှိသည့် မြို့နယ်များတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူကုသပေးလျက်ရှိပါသည်။ ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခြောက်ခုကို ပြည်နယ်/တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်း နှစ်ခုကို ဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်နှင့်တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်းကောက်ယူရေး လုပ်ငန်းအရ ၂၀၀၃ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ ၆၈၂၃၀ဦး ရှိရာမှ ၂၀၀၆ခုနှစ် ဇန်နဝါရီလ အထိ စာရင်းကောက်ယူရာတွင် ၅၈၁၃၄ဦးသာ ရှိကြောင်း တွေ့ရှိသဖြင့် သုံးနှစ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ တစ်သောင်းကျော် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၀၂၄၉ ဒသမ ၈၅ ဧက ဖျက်ဆီးနိုင်သဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်ထက် ၄၀၉ ဒသမ ၅၄ ဧကကျော် ပိုမိုဖျက်ဆီးနိုင်ခဲ့ပါသည်။ ထို့ပြင် တားဆီးနှိမ်နင်းရေးအဖွဲ့များက ဘိန်းနှင့် ဘိန်းဖြူများကို ၂၀၀၃–၂၀၀၄ ခုနှစ်များတွင် ယခင်နှစ်များထက် ပိုမိုဖမ်းဆီးနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးအဖွဲ့များ၏ စွမ်းရည်တိုးတက်လာမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကို ပြည်ပနိုင်ငံများတွင် ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံ၌ တရားစွဲဆိုနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုများပင်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၆ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **"မူးယစ်ဒုက္ခ မပေါ့ဆနှင့်"** "Drugs are not Child's Play" ဟူသော ဆောင်ပုဒ်နှင့်အညီ အသက်အရွယ်အပိုင်းအခြားမရွေး မည်သူမဆို အဆုံးမသတ်နိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကွင်းဆက် ဆိုးကျိုးဒုက္ခများစေသည့် မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲခြင်းမပြုရန်နှင့် ပေါ့ပေါ့ဆဆတွေး ပေါ့ပေါ့ဆဆသုံးစွဲခြင်း မပြုမိကြစေရန် သတိပြုကြပါ။ ထို့အပြင်မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကိုလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။

မိုးကုတ်ဝိပဿနာ (၇)ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၅

အင်းစိန်မြို့နယ်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်၊ ပေါ်တော်မူကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ(၁၃၃)တွင် ကမ္မဋ္ဌာနာစရိယ သာသနာပြု နယ်လှည့်ဓမ္မကထိက ပေါက်တောကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဝံသ(ဓမ္မာစရိယ)သည် တရားစခန်းဝင် ယောဂီများအား ဇူလိုင် ၁၂ရက်မှ ၁၈ရက်အထိ ပဋ္ဌိစ္စသမုပ္ပာဒ် တရားဒေသနာတော်များကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားချီးမြှင့်မည်ဖြစ်သည်။

တရားစခန်းဝင် ယောဂီများသည် ဝေယျာဝစ္စ အလှူငွေ ကျပ် ၂၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ကြို့ကုန်း(အနောက်)ရပ်ကွက် ခဝဲခြံ(၂)လမ်း မိုးကုတ်ဓမ္မရိပ်သာ၊ ပေါ်တော်မူကျောင်းတိုက်သို့ ဇူလိုင် ၁၁ရက် ညနေ ၅နာရီခွဲ အရောက် မိမိတို့အသုံးအဆောင်ပစ္စည်းများနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က–ပ)

ယနေ့မိုးလေဝသ

၂၆-၆-၂၀၀၅

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မူးယစ်ဆေးဝါး အလွဲသုံးမှုကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာ–

၂၀၀၆ခုနှစ် ဇွန်လ ၂၆ရက်

မူးယစ်ဆေးဝါးသုံးစွဲမည်၊ မသုံးစွဲမည်ဆိုသည်ကို မိမိကိုယ်တိုင်သာ ရွေးချယ်ဆုံးဖြတ် ရပေမည်။ သေချာစွာ သိရှိနားလည်ပြီးမှ ရွေးချယ်ဆုံးဖြတ်ခြင်းမျိုးဖြစ်သင့်သည်။ သို့ရာတွင် ကမ္ဘာပေါ်ရှိ လူအများတို့သည် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအာနိသင်များကို ဂဃနဏ ပြည့်စုံစွာ မသိကြပေ။ သို့ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးအလွဲသုံးမှု ကာကွယ်ရေးအသိပညာပေး လုပ်ငန်းများကို ကျွန်ုပ်တို့ ယခုထက် တိုးမြှင့်ဆောင်ရွက်ရန် လိုသည်။ နိုင်ငံ အစိုးရများ၏ မှန်ကန်သောဦးဆောင်မှုများ လိုအပ်ပါသည်။ မူးယစ်ဆေး အလွဲသုံးမှုသည် မိမိတစ်ဦးတည်းကိုသာမက လူအများကိုပါ အန္တရာယ်ပြုနိုင်ကြောင်း စံနမူနာပြနိုင်သည့် ဥပမာများ ပေးရန်လိုသည်။

မူးယစ်ဆေးဝါးသည် ပြဿနာပေးနိုင်သည့်အတွက်သာ တရားမဝင်ခြင်းဖြစ်ပြီး တရားမဝင်သည့်အတွက် ပြဿနာဖြစ်နေခြင်း မဟုတ်ကြောင်းကို လူအများ နားလည်သဘောပေါက်အောင် ပညာပေးရန် လိုပေသည်။ မူးယစ်ဆေးဝါးသည် စိတ်ရောကိုယ်ပါ အန္တရာယ်ပြုနိုင်ပြီး စွဲလမ်းသွားမိပါက သုံးစွဲသူကိုယ်တိုင်သာမက ၎င်းနှင့် နီးစပ်နေသူအားလုံးကိုပါ စိတ်ဆင်းရဲသောကရောက်စေနိုင်သည်။ မူးယစ်ဆေးကို အကြောထဲ ထိုးသွင်းသုံးစွဲပါက အသက်ကို အန္တရာယ်ပြုနိုင်သည့် ရောဂါဆိုးများ အထူးသဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကဲ့သို့သော ရောဂါမျိုး ကူးစက်နိုင်ပေသည်။ မူးယစ်ဆေးဝါး ညှဉ်းပန်းနှိပ်စက်လာပြီဆိုပါက ဝင်ငွေအနိမ့်အမြင့်၊ လူမျိုး၊ ရာထူး၊ အဆင့်အတန်းသာမက ပထဝီနေရာဒေသမရွေး ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရပေမည်။

ကျွန်ုပ်တို့၏ အသိပညာပေးဆောင်ရွက်ချက်များကို လူငယ်များသို့ အထူးဦးတည်ရပေမည်။ လက်ကမ်းပညာပေးလုပ်ငန်းများ၊ ဝါသနာတူ စရိုက်တူ အချင်းချင်း ပေါင်းဖွဲ့ပညာပေးလုပ်ငန်းများ ကိုသာမက အားကစားလုပ်ငန်းများကိုပါ အခွင့်ကောင်းယူကာ လူငယ်အများ တက်ကြွကျန်းမာပြီး မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရှိစေရန် ဆောင်ရွက်ပေးရပေမည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင်လည်း မိဘနှင့် ဆရာများကပါ ၎င်းတို့ အခန်းကဏ္ဍမှ အပြည့်အဝပါဝင်လာစေရန် တိုက်တွန်းသိမ်းသွင်းလှုံ့ဆော်သွားရပေမည်။

တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးထုတ်လုပ်မှု လျော့ကျသွားစေရန် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်သွားရန် လိုပေသည်။ ဤမျှမက မူးယစ်ဆေးစိုက်ပျိုး ထုတ်လုပ်သည့် နိုင်ငံများမှ တောင်သူများအတွက်လည်း မူးယစ်ဆေးစိုက်ပျိုးခြင်းမပြုဘဲ ၎င်းတို့၏ဘဝ ရေရှည်ရပ်တည်သွားနိုင်မည့် တခြားသော နည်းလမ်းများကို ဖော်ဆောင်ပေးရန် လိုပေသည်။ တစ်နည်းအားဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်သွားရန် တစ်ပြိုင်တည်း ကိုင်တွယ်ဖြေရှင်းပေးရာ ရောက်လေသည်။

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု ဆန့်ကျင်ရေးနေ့အား ကျွန်ုပ်တို့အားလုံး ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လှုံ့ဆော်သတိပေးခြင်းပင် ဖြစ်ပေသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ပံ့ပိုးထောက်ပံ့ရန် ကုလသမဂ္ဂအဖွဲ့ကြီးက အဆင်သင့်ရှိနေသည့်အတွက် အများပြည်သူက မူးယစ်ဆေးဝါး အလွဲသုံးမှုကို မျက်ကွယ်ပြုစေမည့် လိုအပ်သော အသိပညာများကို လက်တွဲဖြန့်ဖြူးပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

အသိဉာဏ်ပစ္စည်း အခွင့်အရေးဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် ဇွန် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ကမ္ဘာ့အသိဉာဏ် ပစ္စည်းဆိုင်ရာအဖွဲ့အစည်းကြီး (WIPO) က ကျင်းပသော အသိဉာဏ်ပစ္စည်း အခွင့်အရေးဆိုင်ရာသင်တန်းကို သင်ယူပြီးမြောက်ခဲ့ကြသည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းဆင်းလက်မှတ်များကို ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက ပေးအပ်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မဟတ္တမဂန္ဒီနဲ့ တူသတဲ့လား

မောင်ဒွဲ့ဒိုး

အမှန်တော့လည်း ဒီအကြောင်းအရာကို ရေးကြီးခွင်ကျယ်လုပ်ပြီး၊ 'ပြောစရာမလိုတဲ့ကိစ္စ'လို့ သဘောပိုက်ပြီး၊ ဒီအတိုင်းနေလိုက်ရင်လည်း ရသားပဲဗျာ။ ဒါပေမယ့် ထောက်ပြဝေဖန်မှုမရှိလေ ပိုအတင့်ရဲပြီး အမှားတွေ ပြောနေလေဖြစ်နေတော့ 'ငါတို့ပြောမှ အဟုတ်'လို့ ထင်နေသူများကို နည်းနည်းလေး အသိတရား ရသွားအောင်၊ ဆင်ခြင်တရားလေးဝင်သွားအောင် 'ပြောစရာလိုတဲ့ကိစ္စ'လို့ ယူဆပြီး အခုလို ပြောလိုက်ရပါတယ် ခင်ဗျာ။

မောင်ဒွဲ့ဒိုးတို့ မြန်မာပြည်ကြီးကို အုပ်ချုပ်ပြီး လူထုကောင်းစားရေး ထူထောင်ပေးချင်တဲ့ ရည်ရွယ်ချက်ရှိတယ်ဆိုတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့က ခါတော်မီထုတ်လိုက်တဲ့ စာလွှာကို ဖတ်မိရင်းက အတော်အံ့သြစရာကောင်းတဲ့ အချက်တွေကို တွေ့ခဲ့ရပါတယ်။

"မြန်မာနိုင်ငံအမျိုးသမီးများနေ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပင် ဖြစ်လေသည်"လို့ အဲဒီစာပါ တစ်ဖက်သတ် သတ်မှတ်ရေးသားချက်ဟာ အတော်ပုဂ္ဂိုလ်ရေး အစွန်းရောက်နေတဲ့ ရေးသားချက်အဖြစ် ဖတ်မိရတဲ့အခါ အလွန်အံ့အားသင့်ခဲ့ရပါတယ်။

သူတို့ဆိုလိုချက်အရ **'မြန်မာနိုင်ငံအမျိုးသမီးများနေ့'**ကို သူတို့ သတ်မှတ်တဲ့ နေ့ရက်အတိုင်းသာ ပြုလုပ်ရမယ်ဆိုလျှင်ဖြင့် မြန်မာ အမျိုးသမီးထု အကုန်လုံးကို NLD ရဲ့ ကိုယ်စားပြုရမယ့် မိန်းမသားတွေလို့များ ယူဆထားနေကြသလားပဲ။ တည့်တည့်ပြောရရင် အဲဒီစာသားကို ဖတ်မိတာနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီဝင်တွေဟာ **'တစ်ပါတီစနစ်'**၊ **'တစ်ဦးကောင်း ခေါင်းဆောင်ဝါဒ'** ကို သွယ်ဝိုက်စွာ ထူထောင်ချင်နေတဲ့ သဘောတရားအဖြစ် တွေ့ရှိလာရခြင်းပဲ ဖြစ်ပါတယ်။

ဒီလို အစွန်းထွက်တဲ့ အတွေးမျိုးရှိနေသူတွေ၊ အဲဒီနိုင်ငံရေး ပါတီအတွင်းမှာ ရှိနေခြင်းဟာ မြန်မာပြည်သူတွေ အတွက်လည်း သိက္ခာကျရပါတယ်။

ဘယ်လို သိက္ခာကျလို့လဲလို့ မေးချင်ရင် မေးနိုင်ပါတယ်။ ဖြေဖို့လည်း အသင့်ရှိပါတယ်။

ကိုယ်လိုချင်ရာကိုသာ မြင်ပြီး၊ ကိုယ်ပြောချင်ရာကိုသာ သိပြီး၊ ကိုယ်ဖြစ်ချင်ရာကိုသာ ရှေ့နောက် ဉာဏ်နဲ့ချိန်ပြီး မစဉ်းစားဘဲ လုပ်ဆောင်တတ်တဲ့ အစွန်းရောက်တဲ့ သူတွေနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီ ပါလားလို့၊ ပြည်တွင်းရေးကို ဝင်ခြေရှုပ်ပြီး အမြတ်ထုတ်ချင်နေတဲ့ ပြည်ပကငနဲတွေက ပိုပိုပြီး ရိပ်မိသိရှိလာလေ (အဲဒီ အစွန်းရောက်သူတွေကို) ပိုပိုပြီး ဘုံမြှောက်ပေးလေလေ ဖြစ်လာမှာပဲ။ ဒါ့အပြင် မြန်မာပြည်သူတွေကို အုပ်ချုပ်ချင်သူ အဲဒီပါတီဝင်တွေရဲ့ ဉာဏ်ရည်နည်းမှုကို ပြည်ပက အမြတ်ထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ သိလာတာနဲ့အမျှ မြန်မာပြည်သူတွေဟာ ကိုယ့်ထမင်းကိုယ်စားရင်း ပြည်ပသူစိမ်းရဲ့ အနှိမ်ခံရမယ့်ကိန်းကို အလိုလို ဆိုက်သွားနိုင်ပါတယ်ခင်ဗျာ။

ဒါဟာ တိုင်းပြည်အတွက် သိက္ခာကျစရာ အဓိကအချက် ဖြစ်လာပါတယ်။

ပြီးတော့ အဲဒီစာလွှာထဲမှာ ပါတီခေါင်းဆောင် အမျိုးသမီးရဲ့ မွေးနေ့ဖြစ်တဲ့ ဇွန် ၁၉ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဆိုပြီး အခမ်းအနား သတ်မှတ်ကျင်းပတာ ယခုနှစ်ဆိုလျှင် ခုနစ်ကြိမ်မြောက် ရှိပါပြီတဲ့။ ရေးထားတာ။

ဟုတ်ပါပြီ။ တစ်ဖက်ကိုပြန်ကြည့်ရင် မြန်မာနိုင်ငံတော်အစိုးရဟာ မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ဘက်စုံ၊ ကဏ္ဍစုံမှာ တိုးတက်ဖြစ်ထွန်းဖို့ 'မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ' ကို ၁၉၉၆ ဇူလိုင် ၃ ရက်နေ့မှာစပြီး (NGOအဖြစ်) ဖွဲ့စည်းပေးခဲ့တယ်။ အခုဆိုရင် ၁၀ နှစ်တောင်ပြည့်ခဲ့ပါပြီ။

အဲဒီလို စတင်ဖွဲ့စည်းပေးခဲ့တဲ့နေ့ဖြစ်တဲ့ ဇူလိုင် ၃ ရက်နေ့ကို **'မြန်မာအမျိုးသမီးများနေ့'** အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့တာ ၁၉၉၈ ခုနှစ်ကပါ။ အခုဆို ရှစ်နှစ်ရှိပါပြီ။

အဲဒီလို သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့အခါမှာ ဘယ်ပုဂ္ဂိုလ်ရဲ့ မွေးနေ့၊ ဘယ်အမှတ်တရနေ့တွေကိုမှ ရွေးချယ်ပြီး မသတ်မှတ်ခဲ့ပါ။ မြန်မာ အမျိုးသမီးထုအားလုံးကိုကိုယ်စားပြုမယ့် **'မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ'**ကို စတင်ဖွဲ့ခဲ့တဲ့နေ့ကိုသာ **'မြန်မာအမျိုးသမီးများနေ့'**လို့ သတ်မှတ်လိုက်ခြင်းဟာ အသင့်တော်ဆုံးနဲ့အဖြစ်သင့်ဆုံးသာ ဖြစ်ပါတယ်။

နောက်ပြီး အဲဒီစာလွှာထဲမှာ 'အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီကဲ့သို့ အကြမ်းဖက်ခြင်းကို စက်ဆုပ်ရွံ့ရှာမုန်းတီးသော အဟိံသ ဝါဒီမေတ္တာရှင်ကဲ့သို့ NLD ၏ အမျိုးသမီးခေါင်းဆောင်ကြီးသည်လည်း မဟတ္တမဂန္ဒီနှင့် အနီးကပ်ဆုံး တူနေပါသည်ဟု ကွယ်လွန်သူပါမောက္ခချုပ်တစ်ဦးက တုံ့ပြန်ပြောဆိုခဲ့ကြောင်း' ဆိုတာကိုလည်း ဖတ်ရပြန်ပါတယ်။

"ဟုတ်ပါ့မလား NLD ဗဟိုလုပ်ငန်း အမျိုးသမီးအဖွဲ့ရဲ့"လို့သာ ညည်းလိုက်ချင်ပါတော့တယ်။

ကွယ်လွန်သူပါမောက္ခချုပ်ဆိုတဲ့နေရာမှာ အဲဒီစာလွှာမှာ လူပုဂ္ဂိုလ်နာမည်ရေးသားဖော်ပြထားပါတယ်။ ဒါကို ပြန်မဖော်ပြလို့ သမိုင်းဖြစ်ရပ်တွေကို ဖျောက်ဖျက်တယ်ဆိုပြီးလည်း မစွပ်စွဲလိုက်ပါနဲ့ဦး။ အဲဒီပုဂ္ဂိုလ်ကြီးရဲ့ ဂုဏ်သိက္ခာကိုငဲ့လိုက်ခြင်းပါ။ ဂုဏ်သိက္ခာဆိုတာ ငဲ့ရကောင်းမှန်းဆိုတာရော NLD ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ အနေနဲ့ သိပါရဲ့လား ခင်ဗျာ။

ပြောရရင် အတော်ရှည်လျားထွေပြားသွားမှာမို့ လိုရင်းကို ပြောပါရစေ။

'ဂန္ဒီကြီး'နဲ့ 'NLD ပါတီ ခေါင်းဆောင်အမျိုးသမီး' နဲ့ ဘယ်လိုမေတ္တာရှင်ပုံစံနဲ့ ဘယ်နေရာမှာ တူနေပါလိမ့်ဗျာ။ ထိုဂန္ဒီကြီးက သူ့တိုင်းပြည်ရဲ့ မျိုးနွယ်ကွဲ၊ အတွေးအခေါ်ကွဲတဲ့ ခေါင်းဆောင်တွေကို ဘယ်တစ်ဖက်၊ ညာတစ်ဖက်လက်တွဲပြီး ညီညွတ်အောင် စည်းရုံးနိုင်သူ။ တစ်ဆံခြည်မျှ အလွဲအချော်မခံနိုင်တဲ့ လူမျိုးရေး၊ ဘာသာရေးကိစ္စများကြားမှာ ရင်ကြားစေ့နိုင်သူ။ အင်္ဂလိပ်လက်အောက် သူ့ကျွန်ဘဝက လွတ်အောင်ရုန်းသူ။ အင်္ဂလိပ်ရဲ့ အငြိုအငြင်ကိုသာခံရပြီး အင်္ဂလိပ်ရဲ့ လာဘ်သပ်ပကာများကို မရရှိခဲ့သူ။ ကိုယ်ဝတ်မယ့် ဒိုတီအထည်ကို ကိုယ့်ဟာကိုယ်ဗိုင်းငင် ဝတ်ဆင်သူ။ ဘယ်နေရာမှာ တူပါသလဲဗျာ။

ဒီက ပုဂ္ဂိုလ်အမျိုးသမီးကတော့ (အနီးဆုံး ဥပမာပေးရရင်) ကိုယ့်ပြည်တွင်းက 'မြန်မာအမျိုးသမီးများနေ့'ကိုတောင် တကွဲတပြားဖြစ်အောင်၊ ကိုယ့်ပြည်ထဲရေးမှာ မညီမညွတ်ဖြစ်နေပါတယ်ဆိုတဲ့ ပုံရိပ်ထင်အောင် စိတ်အလိုလိုက်ပြီး ဖန်တီးနေသူသာ ဖြစ်ပါတယ်။ 'ဂန္ဒီကြီး'နဲ့ ဘယ်လို့မှ ထပ်တူနှိုင်းစရာမရှိတာကို အတင်းဆွဲစပ်ဟပ်ပြကြတာ အမြင်အကြား မတင့်တယ်လှပါဘူး။

ပြီးတော့လည်း အဲဒီစာလွှာမှာ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံတွေမှာလည်း အမျိုးသမီးခေါင်းဆောင်တွေရှိခဲ့ကြောင်း၊ မြန်မာပြည်မှာလည်း ရှေးတကောင်းနေပြည်တော်မှ ဘဒ္ဒနုဝတီ၊ သီရိခေတ္တရာနေပြည်တော်မှ မာလာစန္ဒီ၊ ဗိဿနိုး ပန်ထွာမင်းသမီး၊ ဟံသာဝတီရှင်စောပုတို့က အစချီပြီး သြဇာကြီး ဩထက်တယ်လို့ ဆိုထားတဲ့ ပုဂံခေတ်မိဖုရား ဖွားစော၊ အင်းဝက ရှူစိယပဘာမင်းသမီး၊ ကုန်းဘောင်ခေတ်က နန်းမတော်မယ်နု၊ ဆင်ဖြူရှင်မိဖုရား၊ စကြာဒေဝီမိဖုရားတို့အပြင် စုဖုရားလတ်တောင်ပါသေး။

အဲဒီကမှတစ်ဆင့် ပင်းခင်ခင်၊ မုံရွာခင်လေးကြီး၊ ပုဂံဗိုလ်ချိုရဲ့ဇနီး (အဲဒီဇနီး နာမည်လေး ရှာဖွေထည့်ပေးရင်ဖြင့် သမိုင်းကို ဖျောက်ဖျက်တယ်လို့ မထင်ရတော့ဘူးပေါ့ဗျာ။)

ဟော...နောက်ပြီး ချင်းတိုင်းရင်းသူတွေဖြစ်တဲ့ လမ်ကြိုင်မ်၊ လွှိုင်ဝန်ဟွဲနူမ်၊ ဝုန်နင်မ်၊ အွန်ဟဲနယန်ကြိုင်းမ်၊ ဒင်မ်ငြမ်စတဲ့ သမိုင်းဝင် အာဇာနည်အမျိုးသမီးတွေ...။ ကျန်ပါသေးတယ်။

နောက်ထပ်တွေ့ရတာတွေကလည်း အများကြီးပဗျာ။ ထင်ပေါ်ကျော်ကြား မြန်မာအမျိုးသမီးများကို ရှာဖွေဖော်ထုတ်ထားတာတွေကို အဲဒီရွှေပေလွှာမှာ တွေ့ရပါတယ်။ ဒါတွေဟာ အများသိပြီးသားတွေချည်းပါ။ ဘယ်သူကမှ ဖုံးကွယ်ဖျောက်ဖျက်မထားကြပါ။

ဒါနဲ့ နေပါဦး၊ အဲဒီစာထဲမှာ ဖော်ပြထားတဲ့ အာရှတိုက်က အမျိုးသမီး ခေါင်းဆောင်တွေနဲ့ ထင်ပေါ်တဲ့ ရှေးမြန်မာအမျိုးသမီးတွေဟာ သူတို့ရဲ့မွေးနေ့တွေကို အမျိုးသမီးတွေအတွက် ကိုယ်စားပြုဖို့ဆိုပြီး နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ဖို့ အတ္တကိုရှေ့တန်းတင်ခဲ့ကြပါသလား။ ပဒေသရာဇ်ခေတ်မှာ သြဇာအာဏာထက်တဲ့ မြန်မာအမျိုးသမီးကြီးတွေတောင် အဲဒီလို အတ္တမျိုးရှိခဲ့တာ မတွေ့ရပါဘူး။ အဲဒီ အမျိုးသမီးကြီးတွေကို ဝန်းရံခစားကြသူတွေကလည်း သူတို့ရဲ့အရှင်သခင် အမျိုးသမီးကြီးတွေ ထင်ပေါ်စေဖို့ မျက်နှာချိုသွေးပြီး မြှောက်ပင့်မပေးခဲ့ကြပါဘူး။

အလျှူဒါန ရက်ရောလွန်းတဲ့ ပဒေသရာဇ်ဘုရင်မကြီး ရှင်စောပုတောင်မှ သူ့ကိုနှောင်းလူများ အမှတ်ရနေအောင်ဆိုပြီး မစီစဉ်ခဲ့ပါဘူး။ ကာလနှစ်ပေါင်းရာချီ ဖြတ်သန်းခဲ့ပြီးမှ ဒီဘက်ခေတ်ရောက်မှ 'ရှင်စောပုလမ်း'ရယ်လို့ သတ်မှတ်ဂုဏ်ပြုခံရရှာတာပါ။

ထပ်ပြီး အစွန်းရောက်တဲ့ ရေးသားချက်တစ်ခုကိုလည်း တွေ့ရပြန်သေးတယ်။

တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ စွန့်စားဝံ့တဲ့ အမျိုးသမီးများရဲ့ကဏ္ဍကို မေးမှိန်ပျက်ပြယ်ပျောက်ကွယ် တားဆီးပိတ်ပင်မှုတွေ ပြုလုပ်သူများရှိနေပါတယ်တဲ့။

တကယ်တော့ 'သမိုင်းတင်ပြီးသားဖြစ်ရပ်များကို ဘယ်လိုအကြောင်းမျိုးနဲ့မှ ဖျောက်ဖျက်ပစ်လို့ မရစကောင်း' ဆိုတာ NLD အမျိုးသမီးလုပ်ငန်းအဖွဲ့မှ အဲဒီစာလွှာရေးသားသူများ ပိုသိမှာသာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် 'လူပုဂ္ဂိုလ်ဆိုင်းဘုတ်တင်ရေးဝါဒီ'များအဖြစ် ရပ်တည်နေသမျှကတော့ ဘာကိုမျှအကောင်းမြင်သမား၊ အကောင်းမြင် ပါတီ ဖြစ်လာမှာ မဟုတ်တာ သေချာပါတယ်။

ပြီးတော့ အဲဒီစာလွှာထဲမှာ မုဒိတာတရား၊ မုဒိတာစကား တစ်ခွန်းမျှမပါဘဲ ကျိန်စာတိုက်တာလိုလို၊ တစ်ဦးတစ်ယောက်ထင်ပေါ်ရေးကိုပဲ အဓိကထားရေးသလိုလိုနဲ့ ဘာမှအရည်မရ အဖတ်မရ စာစုသာဖြစ်နေတာတွေကိုလည်း သတိပြုမိပါရဲ့။

ပြီးတော့လည်း စာလွှာအဆုံးသတ်မှာ 'ထာဝရပန်း' ဆိုပြီး ကဗျာဖွဲ့ထားသေးသဗျာ။ ကဗျာရဲ့ အဓိပ္ပာယ်က အားလုံးရဲ့ရင်ထဲမှာ သူရှိနေပါသတဲ့၊ သူသာဆရာ၊ သူသာအမိတဲ့၊ သူသာနေမင်း၊ သူသာလမင်းတဲ့၊ သူ့ကြောင့် အလင်းရသတဲ့၊ သူသာနှင်းဆီ၊ သူသာစံပယ်ကုံးမွှေးမဆုံးတဲ့။ သူသာသိမ်းငှက်၊ လင်းယုန်၊ စွန်ရဲတဲ့။ သူသာပတ္တမြား၊ စိန်ခဲ၊ ကျောက်မျက်ရွဲတဲ့။ သူသာအနာဂတ် ထာဝရ အဓိကတဲ့။ သူနဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံး ကျန်းမာချမ်းသာကြပါစေတဲ့။

ဖတ်လို့ကောင်းပါတယ်...။

ဒါပေမယ့် သူတစ်ယောက်တည်းနဲ့တော့ မြန်မာပြည်ထူထောင်လို့ ရပါ့မလားဆိုတာလည်း ဖြေကြည့်ပေးပါဦး။ ပြည်ပအားမကိုးကြေးပေါ့ဗျာ။ ပြည်ပအားကိုးချင်ရင်လည်း ပြည်ပအားကိုးရလို့ ဒုက္ခ၊ သုက္ခတွေ့ရတဲ့ ကမ္ဘာ့နိုင်ငံတွေကို ဥပမာပြုပြီး ကဗျာစပ်ပေါ့ဗျာ။

ခြုံကြည့်လိုက်ရင် NLD ရဲ့ ရွှေပေလွှာထဲမှာ မြန်မာအမျိုးသမီးတွေ တကယ်လိုအပ်နေတဲ့ အခြေခံအချက်တွေကို (လုံးဝ)မဖော်ပြထားတဲ့အပြင် ကိုယ်လိုရာဆွဲ စကားလုံးတွေနဲ့သာ အဆုံးသတ်ထားခြင်း ပါပဲ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၅ ဧပြီ ၇ ရက်နေ့က ကန့်ကွက်တင်ပြ အသိပေးထားတဲ့-

'နိုင်ငံတော်အား နိုင်ငံရေးဖိအားပေးလိုခြင်းကို အကြောင်းပြု၍ မတရားစွပ်စွဲဆုံးဖြတ်ချက်များနှင့် စာနာမှုကင်းစွာ ပိတ်ပင်တားဆီးခြင်းများကို မြန်မာနိုင်ငံလူဦးရေထက်ဝက်ကျော်ရှိ မြန်မာအမျိုးသမီးထုအား ကိုယ်စားပြုလျက်ရှိသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အပြင်းအထန်ကန့်ကွက်လိုက်သည်'ဆိုတဲ့ မြန်မာအမျိုးသမီးထုဘက်က ရပ်တည်ထားတဲ့ ရဲဝံ့တဲ့ကန့်ကွက်ချက်မျိုးကိုပင် မထုတ်ပြန်ရဲတဲ့ NLD ဗဟိုအမျိုးသမီးအဖွဲ့ရဲ့ အမြင်ကျဉ်းလှတဲ့ ရွှေပေလွှာဟာ မြန်မာအမျိုးသမီးထုအတွက် ဘယ်နေရာကမှ ရပ်တည်မပေးထားတာကို သမိုင်းတင်ပြီးသား ဖြစ်ခဲ့ပါပြီ။

ဒါကြောင့် သမိုင်းကို ဖျောက်ဖျက်သူများဟာ သမိုင်းရဲ့ အဆိုးရွားဆုံးသော ဒဏ်ခတ်မှုကို မလွဲမသွေခံရလိမ့်မယ်လို့ ခင်ဗျားတို့ပြောစကားအတိုင်း...။

ကိုယ့်စကားနဲ့ကိုယ်နော်။ NLD ဗဟိုအမျိုးသမီးအဖွဲ့ရေ... ဘွာမခတ်ကြေး။ ။

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2006

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဧရာဝတီတိုင်း အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ်ပြီးစီးသော ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (နယ်စပ်/စည်ပင်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဧရာဝတီတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ချောင်းကလေး-သိမ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူနှင့် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချောင်းကလေး-သိမ်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ် ကျောင်းဆောင်သစ်ကို ပန်းတနော် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ အလှူရှင်များကိုယ်စား အလှူရှင် ပန်းတနော်မြို့ ဖိုးလမင်း ကုမ္ပဏီမှ ဦးကျင်ငြိမ်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ချောင်းကလေး-သိမ်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)အတွက် သင်ကြားမှုအထောက်အကူပြု ကွန်ပျူတာတစ်စုံ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်ကျောင်းသုံးဗလာစာအုပ်များကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က ပေးအပ်လှူဒါန်းရာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးခင်လှိုင်က လက်ခံသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် ကညင် သုံးဆင့်ကျေးရွာ အခြေခံပညာ မူလတန်း လွန်ကျောင်းခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တွင် ပါဝင်ဆောင်ရွက်နေမှုများ၊ ကျေးလက်ပညာရေးကဏ္ဍ မြင့်မားရေးအတွက် ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက အသင်း၏ ရည်မှန်းချက်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အသင်းဝင်များနှင့် ကျေးလက် ပြည်သူများကဒေသလိုအပ်ချက်များကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးသည့် ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်း ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကျောက်ချောလမ်းသစ်ကို ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်း ကျေးလက်ကျောက်ချောလမ်းမှာ အရှည် ၁၂မိုင် ၁ဖာလုံရှိပြီး လမ်းပြီးစီးသွားသည့်အတွက် အိမ်မဲ-ဒါးကလမ်း လမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်း ရာသီမရွေး သွားလာနိုင်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ကျေးရွာ ၃၂ရွာ၊ အိမ်ခြေ ၂၀၄၀၊ အိမ်ထောင်စု ၂၂၁၃စု၊ လူဦးရေ ၁၄၇၃၃ ဦးတို့အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အိမ်မဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေညီလာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲနှင့် ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်းအတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ သင်ကြားမှုအထောက်အကူပြု စာသင်ခုံ၊ ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

❒ မူးယစ်သင်းပင်း၊ ဘိန်းဘင်းကစော်
လှော်စာအရက်၊ စီးပွားပျက်မှာ
ရှောင်ကြဉ်ရာ၏၊ ဘာသာလူမှု
ယဉ်ကျေးမှုစဉ်လာ၊ ရှေးမြန်မာတို့
လိုက်နာဖယ်ရှား၊ ထောက်အထားများ
ထင်ရှားခိုင်တည်၊ ရှိခဲ့သည်။

❒ နယ်ချဲ့ဆိုးမွေ၊ ရခဲ့လေသည့်
ဒို့မြေစိမ်းမြ၊ မြန်ပြည်လှတွင်
ဘိန်းပင်မူးယစ်၊ အမြစ်ပြတ်အောင်
တပ်မတော်သား၊ ပြည်သူများတို့
စွမ်းအားပေါင်းကူ၊ "တရုတ်ဖြူ ကူမင်တန်"
မြေလှန်မြစ်ဖြုတ်၊ တိုက်ထုတ်ခဲ့သည်
ပြည်အရေးမို့၊ တွဲလက်ညီ။

❒ "မိုးဟိန်း" "ငရဲပန်း"၊ "တောင်ထိပ်ပန်း"မှ
အစပြုကာ၊ "ဘာကျန်" "မုံးကျွတ်"
စွန့်လွှတ်သက်ပေး၊ မူးယစ်ဝေးအောင်
တစ်ပြည်ထောင်ဖွား၊ ညီနောင်သားတို့
အားသစ်အင်သစ်၊ တွေးမြင်သစ်နှင့်
"ပန်းတိုင်သစ်"စီမံကိန်း၊ ဘိန်းပင်ဘိန်းစေ့
စိုက်ခလေ့ကို၊ လက်တွေ့မြေလှန်
သီးနှံစားထိုး၊ ဝင်ငွေတိုးအောင်
စွမ်းဆောင်ဖွင့်လှစ်၊ ကဏ္ဍသစ်ဖြင့်
"မူးယစ်ကင်းဝေး၊ နှစ်ထောင့်တစ်ဆယ့်လေး"ဟု
ရှေးရှူဦးတည်၊ ဆောင်ရွက်မည်။

❒ သမိုင်းတစ်ခေတ်၊ ဒို့ဖွင့်လှစ်ခဲ့
မူးယစ်ကင်းစင်၊ အလှဆင်ပြီး
ပြည်ခွင်ငြိမ်းအေး၊ စီးပွားရေးတိုး
မနေးဖြိုးကြွယ်၊ မျိုးနွယ်နောင်ရင်း
သွေးချင်းတို့ရွာ၊ ဝေဖြိုးသာသည်
ကာရန်ညီညီ၊ ချိုတေးသီ။ ။

(အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလျက်)

ဖိုးရန်နိုင်(ကျောက်ကြီး)

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်အား ဒေဝူးဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၂၅

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Tae-Yong Lee နှင့် အဖွဲ့သည် ယမန်နေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်အား ဒေဝူးဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ Mr. Tae-Yong Lee နှင့် အဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရိုးရှိုက်စ် ကားကုမ္ပဏီက ထုတ်လုပ်သော နောက်ဆုံးပေါ် ကားတစ်စီးကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

❍ အိန္ဒိယနိုင်ငံမှ

ရိုးရှိုက်စ်ကားတစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၈၀၀၀ ရှိပြီး လွန်ခဲ့သည့်နှစ်က ရိုးရှိုက်စ်ကားဝယ်ယူသူ အိန္ဒိယလူမျိုးတစ်ဦး ရှိခဲ့ရာ ၎င်းမှာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းရှင် သူဌေးကြီးတစ်ဦး ဖြစ်သည်။

ရိုးရှိုက်စ်ကားဝယ်ယူသည့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးအတွက် ကားမောင်းပေးသူများကို ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်ရှိ ရိုးရှိုက်စ်ကားကိုယ်စားလှယ်တစ်ဦးက ရိုးရှိုက်စ်ကားမောင်းနည်း အထူးသင်တန်းကို ပို့ချပေးခဲ့သည်။ အင်တာနက်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ယုဇနစားအုန်းဆီသန့်စက်ရုံ ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ယုဇနကုမ္ပဏီဥက္ကဋ္ဌတို့က စက်ရုံ ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်ပြီး စားအုန်းဆီများနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်များကို စက်ရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနစားအုန်းဆီသန့်စက်ရုံ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးနိုင်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ယခုကဲ့သို့ ယုဇနဆီချောသန့်စက်ရုံ အောင်မြင်စွာ ဖွင့်လှစ်လည်ပတ် ထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ကြောင်း၊ Yuzana Edible Oils Group သည် တစ်ဖက်က ဆီအုန်းပင်များကိုကိုယ်ပိုင်စိုက်ပျိုးပြီး ဆီကြမ်းကို ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ယခု စားသုံးနိုင်သော ဆီချောကိုလည်း ထုတ်လုပ်နိုင်ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ နိုင်ငံတော်၏ တစ်နှစ်စားသုံးဆီ လိုအပ်ချက်မှာ တန်ချိန်သုံးသိန်းခန့်ဖြစ်၍ ပြည်တွင်း၌ တန်ချိန်နှစ်သိန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် နှစ်စဉ် နိုင်ငံခြားငွေ

အမြောက်အမြားသုံးစွဲ၍ ပြည်တွင်းလိုအပ်ချက်ကို ပြည်ပမှ တင်သွင်းဖြည့်ဆည်းပေးနေရကြောင်း၊ စားသုံးဆီ ဖူလုံသည်အထိ မြေပဲနှင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်မှာလည်း အခြေအနေ မပေးသေးကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ငါးသိန်းအထိ စိုက်ပျိုးရန်လမ်းညွှန်ထားသည်နှင့်အညီ ယုဇနကုမ္ပဏီ အပါအဝင် ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများက အားသွန်ခွန်စိုက် စိုက်ပျိုးလျက်ရှိကြသဖြင့် မကြာမီ နိုင်ငံတော်အကြီးအကဲ ရည်မှန်းချက်ပေးထားသည့် ဧကငါးသိန်း ပြည့်မီမည်ဖြစ်ကြောင်း၊ ယခုတည်ဆောက်ပြီးဖြစ်သည့် စားအုန်းဆီ ဆီချောစက်ရုံက တစ်နေ့တန် ၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်၍ နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံကြီး တစ်ရုံကို Yuzana Edible Oils Group က တည်ထောင်ပေးခြင်းအတွက် နိုင်ငံတော်အနေဖြင့် ဝမ်းသာဂုဏ်ယူကြောင်း၊ တစ်ဖက်ကလည်း ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ တင်ပို့ပြီး နိုင်ငံခြားငွေ တိုးမြှင့်ရရှိရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အလေးထားလိုက်နာ

စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုများပြားမည်ဖြစ်သော်လည်း အရင်းကျေရေးထက်၊ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးရေးကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲက စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုစရိတ်သက်သာစေရေး၊ ခြိုးခြံချွေတာရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ယုဇနဆီသန့်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်သူရော၊ စားသုံးသူပါ အကျိုးရှိစေရအောင် နိုင်ငံတော်အကြီးအကဲ၏ အထက်ပါလမ်းညွှန်ချက်ကို အလေးထားလိုက်နာဆောင်ရွက်ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်က ဌာနဆိုင်ရာများအတွက် စက်ရုံထွက် စားအုန်းဆီများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ အမှတ်တရလက်မှတ်ရေးထိုးပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ယုဇနဆိပ်ခံတံတားရှိ စားအုန်းဆီကြမ်းတင်သင်္ဘောမှ ဆီကြမ်းများကို ပန့်ဖြင့်သိုလှောင်ကန်သို့ ထည့်သွင်းမှု၊ စက်ရုံလျှပ်စစ်ခန်း၊ ဆီပုံးခွဲ ထုတ်လုပ်မှုခန်း၊ ကရင်(မ်) (Cream) ထုတ်လုပ်မှုခန်းနှင့် ဆီထည့်သွင်းထုပ်ပိုးမှုခန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် စက်ရုံဘေး မြေကွက်၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဆီအုန်းပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပုံနှင့် ကြက်ဆူဆီထုတ်လုပ်မှု အဆင့်ဆင့်ပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဝန်ကြီးများသည် စက်ရုံဝင်းအတွင်း၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

အရည်အသွေးကောင်း

ယုဇန စားအုန်းဆီသန့် စက်ရုံသည် ၂၄ ဧက ကျယ်ဝန်းကာ ဆီတန် ၃၀၀၀ သင်္ဘောဆိုက်ကပ်နိုင်သော ဆိပ်ခံတံတားကိုပါ တည်ဆောက်ထားပြီးဖြစ်သည်။ စက်ရုံ၏ ဆီထုတ်လုပ်မှုမှာ နေ့စဉ် စားအုန်းဆီကြမ်းတန် ၃၀၀ ကို သန့်စင်နိုင်ပြီး တစ်နေ့လျှင် စားသုံးဆီတန် ၂၀၀ ထုတ်လုပ်နိုင်သည်။ စားသုံးဆီအပြင် မုန့်လုပ်ငန်းသုံး Shortening၊ Stearim၊ Bakery Fat၊ Vegetable Fat၊ Butter Oil၊ Substitute တို့ကို နေ့စဉ် တန် ၈၀ ထုတ်လုပ်နိုင်ပြီး ဆပ်ပြာချက် ဆီ တစ်နေ့လျှင် တန် ၂၀ ထုတ်လုပ်နိုင်သည်။ စက်ရုံက စားအုန်းဆီအပြင် မြေပဲဆီ၊ ပဲပုပ်ဆီနှင့် Vegetable Oilတို့ကိုလည်း နိုင်ငံတကာအဆင့်မီ အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်နိုင်သည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးဌေးမြင့်တို့ ယုဇနစားအုန်းဆီသန့်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန်   ဇွန်   ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်း၌ ကျင်းပသော သာကေတမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ခြံစည်းရိုးကြက်ဆူပျိုးပင်များကို လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများထံ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ၏ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၆၄)ရပ်ကွက်ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူ စံပြစိုက်ခင်းဧက ၁၀၀သို့ ရောက်ရှိကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားမှု အခြေအနေနှင့် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ခြံစည်းရိုးကြက်ဆူကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံချက်ချစိုက်ပျိုးလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များကလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံချက်ပြည့်မီအောင် စိုက်ပျိုးကြရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တို့သည် ခြံစည်းရိုးကြက်ဆူ စံပြစိုက်ခင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ရှင်သန်ဖြစ်ထွန်းနေသော ကြက်ဆူပင်များကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုမှာ ၁၀၃ ဒသမ ၀၇ ရာခိုင်နှုန်း ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်မှု အဆင့်ဆင့်ပြကွက်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သာကေတမြို့နယ် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ခြံစည်းရိုး ကြက်ဆူပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကျောင်းသားကျောင်းသူများ သစ်အခြေခံလုပ်ငန်းလေ့လာ

ရန်ကုန် ဇွန် ၂၅

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ယမန်နေ့နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ သစ်အခြေခံစက်ရုံများကို လေ့လာရန် ရွှေပြည်သာမြို့နယ် ဝါးတရာ သစ်အခြေခံစက်မှုဇုန် နယ်မြေရှိ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက် သစ်အချောထည်နှင့် ပရိဘောဂစက်ရုံသို့ ရောက်ရှိလာရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကြိုဆိုနှုတ်ဆက် အမှာစကားပြောကြားသည်။

ကြည့်ရှုလေ့လာ

ဆက်လက်ပြီး ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက စက်လည်ပတ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ထူးသစ်အခြေခံစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အလုံမြို့နယ် ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်များရှိ အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများကို လိုက်လံစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အထွေထွေမန်နေဂျာ ဦးထူးအောင်တို့က လိုက်လံရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၆–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅	၇။	အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅:၀၀	၅။	အကပဒေသာ
၅:၁၀	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၅:၁၅	၇။	မြန်မာစာ၊မြန်မာစကား
၅:၂၅	၈။	မြန်မာ့ရိုးရာတောဓလေ့ကျေးလက်တေးသံများ
၅:၃၅	၉။	**“ချစ်သောမြေ ချစ်သောရေ” (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅:၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၆:၅၅	၁၄။	ဖွံ့ဖြိုးသာယာ ကပိုင်စံပြကျေးရွာ
၇:၀၅	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုလိုင်နံနက်ခင်း” (အပိုင်း–၃)**
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့အိပ်မက်လှလှ” (အပိုင်း–၅)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်သော လူစီးတွဲများ သင်္ဘောပေါ်မှချ

ရန်ကုန် ဇွန် ၂၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် ရန်ကုန်ဆိပ်ကမ်း ဆူးလေအမှတ်(၅) ဖောတံတား၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင် ပေးအပ်သော လူစီးတွဲများ သယ်ဆောင် ဆိုက်ကပ်လာသည့် MV. ANXIN JAING သင်္ဘောပေါ်မှ လူစီးတွဲများချယူလျက်ရှိသည်ကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး သူရဦးသောင်းလွင်အား မြန်မာ့မီးရထားအထွေထွေမန်နေဂျာ ဦးလှရီနှင့် တာဝန်ရှိသူများက သင်္ဘောပေါ်မှ ရထားတွဲများချယူဆောင်ရွက်မှုအခြေအနေ၊ ချယူပြီးသည့် ရထားတွဲများကို ဆိပ်ကမ်းမှ သယ်ယူမည့်အစီအစဉ်တို့ကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယခုရောက်ရှိလာသော ရထားတွဲ ၄၀မှာ ၂၀၀၆ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံက ချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့်လူစီးတွဲ ၁၃၀ အနက်မှ ပထမအသုတ် ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါတွဲများကို မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ပေးပို့၍ လိုအပ်သောမွမ်းမံမှုများ ဆောင်ရွက်ကာ နေပြည်တော်–ရန်ကုန်၊ နေပြည်တော်–မန္တလေး၊ ရန်ကုန်–မန္တလေး အပါအဝင် ရထားခရီးစဉ်များ၌ အသုံးပြုသွားရန်ရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရန်ကုန်ဆိပ်ကမ်း ဆူးလေ အမှတ်(၅) ဖောတံတား၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်သော လူစီးတွဲများ သင်္ဘောပေါ်မှ ချယူလျက်ရှိသည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာ–ဘုရင့်နောင် ဓာတ်အားလိုင်း သွယ်တန်း တည်ဆောက်မှုအခြေအနေ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများလိုက်ပါလျက် မှော်ဘီမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရှေးဦးစွာ ဝန်ကြီးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနစုမှူး ဘဏ္ဍာရေး ဦးစိုးမြင့်ကလည်း လျှပ်စစ်ဓာတ်အား ရောင်းချရမှုအခြေအနေများကိုတင်ပြရာ ဝန်ကြီးက မြို့နယ်အလိုက် လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု အခြေအနေပြ မြေပုံများကို နောက်ဆုံးအခြေအနေအထိ ရေးဆွဲထားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မှော်ဘီမြို့နယ် ၃၃/၁၁ ကေဗွီ ကြက်ဖြူကန်ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်တင်တို့က လျှပ်စစ်ဓာတ်အား လက်ခံရရှိမှု၊ မှော်ဘီမြို့နယ် အလုပ်ရုံစက်ရုံများ ဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အားကို ပြည်သူများနှင့်အလုပ်ရုံစက်ရုံများသို့ စနစ်တကျ ဖြန့်ဝေပေးနိုင်ရန် မှာကြားပြီး ခွဲရုံဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ထောက်ကြန့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက လော်ကားစက်ရုံမှ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှု၊ ထောက်ကြန့်မြို့ပေါ်နှင့်တိုးချဲ့ရပ်ကွက်များ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများ၊ ပုလဲခွဲရုံမှ ဖီဒါသုံးခုဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးကလည်း လျှပ်စစ်ဓာတ်အားလိုင်းများ အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရန်ကုန်မြို့အား လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရန်အတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ပေးဝေမှုစနစ်ကို ရဲရဲမြန်မြန်လုပ်ရန်လိုကြောင်း၊ ပြည်သူများ အမှန်တကယ် လိုအပ်သော အချိန်တွင် လျှပ်စစ်ဓာတ်အားပေးနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး အင်းစိန်မြို့နယ် လျှပ်စစ်အရေးပေါ်အခန်းတွင် လုပ်ကိုင်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြောက်ပိုင်းခရိုင်အတွင်းရှိ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် လျှပ်စစ်ဓာတ်အားကို ပြည်သူများသို့ ဖြန့်ဝေပေးမှုအခြေအနေများ၊ စက်မှုဇုန်များကို နေ့အချိန် လျှပ်စစ်ဓာတ်အား

ပေးဝေခြင်းနှင့် ပြည်သူများအား ညအချိန် လျှပ်စစ်ဓာတ်အား ပေးဝေနိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ဟန်ချက်ညီညီ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား မှန်ကန်စွာ ဖြန့်ခွဲပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပြည်သူများအနေဖြင့် လက်တွေ့ရရှိခံစားနေရပြီဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်ဓာတ်အားရရှိမှုသာကုန်ထုတ်စွမ်းအား တိုးမြင့်လာမည်ဖြစ်၍ စက်ရုံများအား နေ့ခင်းတွင် လျှပ်စစ်ဓာတ်အားပေးနေပါကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် လှိုင်သာယာမြို့နယ် ၂၃၀ ကေဗွီ လှိုင်သာယာ–ဘုရင့်နောင်ဓာတ်အားလိုင်း သွယ်တန်း တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တောင်ပိုင်းလိုင်း စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဓာတ်အားလိုင်းတိုင်အမှတ် ၁၆ နှင့် တိုင်အမှတ် ၂၁ အကြား ဓာတ်အားလိုင်းကြိုးများတွင် Spacer တပ်ဆင်ခြင်းလုပ်ငန်းတွင် လျှပ်စစ်ဝန်ထမ်းများ စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး အလေးထားဆောင်ရွက်ရန် လိုကြောင်း မှာကြားပြီး လိုင်းတိုင်အမှတ် ၁၄ နှင့် ၁၆ အကြားတွင် ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာမြို့နယ် ၂၃၀ ကေဗွီ လှိုင်သာယာ–ဘုရင့်နောင် ဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်–၀၀၃ (အလုံ)၊ ၀၁၆ (ကြည့်မြင်တိုင်) နှင့် ၀၁၀ (ပျဉ်းမပင်)တို့သို့ သွားရောက်စစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်မြင်တိုင်မြို့နယ် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၁၆)၌ မော်တော်ယာဉ်တွင် သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(စွမ်းအင်)

ပံ့ပိုးဖြည့်ဆည်း

ရှေးဦးစွာ ဝန်ကြီးသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုနှင့် CNG ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ (CNG) ဦးသိန်းဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းရာတွင် သတ်မှတ်ဖိအားကို ပြည့်မီအောင် ဂရုစိုက်ဖြည့်တင်းပေးရေး၊ မော်တော်ယာဉ်များတွင် သတ်မှတ်ထားသည့် ဆလင်ဒါအိုး အရေအတွက်ကိုသာ တပ်ဆင်သွားရေး၊ မသမာမှုများ ပပျောက်စေရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ ပြည်သူများနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကို မှာကြားပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ကို မြန်ဆန်စွာ ဖြည့်တင်းပေးနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မော်တော်ယာဉ်များတွင် ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဘေးအန္တရာယ် ကင်းရှင်းရေး မှာကြားသည်။

ယခုအခါ ရန်ကုန်မြို့တွင် အရောင်းဆိုင် ၁၇ ဆိုင်၊ မန္တလေးမြို့တွင် တစ်ဆိုင်၊ ပလိပ်မြို့တွင် တစ်ဆိုင်၊ ရေနံချောင်းမြို့တွင် နှစ်ဆိုင်၊ ချောက်မြို့တွင် တစ်ဆိုင် စုစုပေါင်း ၂၂ ဆိုင်ကို ဖွင့်လှစ်ထားရှိပြီး ၂၄ နာရီပတ်လုံး ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးတက်များပြားလာသည်နှင့်အမျှ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ် ဇူလိုင်အတွင်းတွင် နောက်ထပ် CNG အရောင်းဆိုင် အသစ်များကို တိုးချဲ့ဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် မှော်ဘီမြို့နယ်မြောင်းတကာဒေသတွင် အသစ်တည်ဆောက်မည့် တစ်ရက်လျှင် တန် ၅၀၀ ကျ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းဒါရိုက်တာ ဦးစိန်ဝင်းက စက်ရုံတည်ဆောက်မည့်မြေနေရာ၊ မြေသားပြုပြင်ခြင်းလုပ်ငန်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ရုံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ မြစ်ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်ရေးအတွက် ယခုကတည်းက စိတ်ချသေချာအောင် တွက်ချက်ဆောင်ရွက်ကြရေး၊ စက်ရုံဒီဇိုင်းနှင့် စက်ပစ္စည်းအစိတ်အပိုင်းများကိုလည်း နည်းပညာပိုင်းလိုအပ်ချက်အတိုင်း အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံမြေနေရာ၊ မြေသားပြုပြင်ခြင်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် မေလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၂ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဇွန် ၂၅

၂၀၀၆ ခုနှစ် မေလတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၂မှုကို ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၂မှု အလေးချိန် ၁၇၈ ဒသမ ၀၀၃၆ ကီလို၊ ဘိန်းဖြူ ၇၉မှု အလေးချိန် ၂၄ ဒသမ ၈၁၃၉ ကီလို၊ ဘိန်းညိုတစ်မှု အလေးချိန် ၃၄၃ကီလို၊ ဘိန်းဆီ ၁၃မှု အလေးချိန် ၆ ဒသမ ၅၄၀၁ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂မှု အလေးချိန် ၂ ဒသမ ၈၂၃၈ ကီလို၊ ဆေးခြောက် ၁၆မှု အလေးချိန် ၂ဒသမ ၀၁၇၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂မှု ၇၁၄၆၃၀ ပြား၊ ဘိန်းစာမှုန့် ၁၈မှု အလေးချိန် ၃၈ ဒသမ ၆၄၁၅ ကီလို၊ မော်ဖင်းထိုးဆေးတစ်မှု ၇၅ပုလင်း၊ ဓာတုဆေးရည်ပမာဏ ၁၀၃၅လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ကီလို ၆၀၀၊ မှတ်ပုံတင်ပျက်နှစ်မှု အခြားအမှုခြောက်မှု တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များက ဘိန်းသုံးမှု အလေးချိန် ဒသမ ၃၄၃၆ ကီလို၊ အဆင့်နိမ့်ဘိန်း အလေးချိန် ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားတစ်မှု ငါးပြား၊ ဘိန်းစာမှုန့်တစ်မှု အလေးချိန် ၁၅ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိမှုများမှာ ဘိန်း ၃၉ မှု အလေးချိန် ၁၇၇ ဒသမ ၆၆ ကီလို၊ ဘိန်းဖြူ ၇၉မှု အလေးချိန် ၂၄ ဒသမ ၈၁၃၉ ကီလို၊ ဘိန်းညိုတစ်မှု အလေးချိန် ၃၄၃ကီလို၊ ဘိန်းဆီ ၁၃မှု အလေးချိန် ၆ဒသမ ၅၄၀၁ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂မှု အလေးချိန် ၂ဒသမ ၈၀၃၈ ကီလို၊ ဆေးခြောက် ၁၆မှု အလေးချိန် ၂ဒသမ ၀၁၇၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁မှု ၇၁၄၆၂၅ ပြား၊ ဘိန်းစာမှုန့် ၁၇မှု အလေးချိန် ၂၃ ဒသမ ၆၄၁၅ ကီလို၊ မော်ဖင်းထိုးဆေးတစ်မှု ၇၅ ပုလင်း၊ ဓာတုဆေးရည် ပမာဏ ၁၀၃၅ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ကီလို ၆၀၀၊ မှတ်ပုံတင်ပျက်နှစ်မှု အခြားအမှုခြောက်မှုတို့ ဖြစ်သည်။

အရေးယူခဲ့

၂၀၀၆ ခုနှစ် မေလတွင် အမှုပေါင်း ၂၃၂မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၂၀၄ ဦး၊ တရားခံအမျိုးသမီး ၇၀ စုစုပေါင်း တရားခံ ၂၇၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

သိမ်းဆည်းရမိ

၂၀၀၆ ခုနှစ် မေလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနက် ထူးခြားဖြစ်စဉ်များမှာ မေ ၁၇ ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)ရှိ ကျော်တည်းခိုခန်းကို ဝင်ရောက်ရှာဖွေရာ အခန်းအမှတ် (အေ–၁)၌ တည်းခိုနေသူ မျိုးဝင်း(ခ) ရှကူး၏ ခုတင်ခေါင်းရင်းရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ ဒုဗလျူပိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၂၀ ပြားကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မျိုးဝင်း (ခ) ရှကူးအား ပြင်ဦးလွင် ရဲစခန်းက ဥပဒေအရ အရေးယူထားသည်။

ထို့အပြင် မေ ၂၆ရက်တွင် တားဆီးနှိမ်နင်းရေးအဖွဲ့သည် သတင်းအရ မူဆယ်မြို့ မန်ဝိန်းရပ်ကွက် ဟုန်ရန်လမ်း အိမ်အမှတ် (၁၉၀) အနီး၌ စောင့်ဆိုင်းနေစဉ် လော့အားမြင့်(ခ) ကိုနိုင် မောင်းနှင်၍ ဟုံချင်ရန် လိုက်ပါလာသည့် ယာဉ်အမှတ် ၄က/၄၇၆၉ အနီရောင်ဗင်ကား ရောက်ရှိလာပြီး ရပ်တန့်စဉ် ဝင်ရောက်ဖမ်းဆီးရာ ဟုံချင်ရန်ကိုင်လာသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ရှစ်တုံး အလေးချိန် ၂ဒသမ၆၄ ကီလိုကို ဖမ်းဆီးရမိသဖြင့် ဟုံချင်ရန်နှင့် လော့အားမြင့် (ခ)ကိုနိုင်တို့ နှစ်ဦးတို့အား မူဆယ်ရဲစခန်းက ဥပဒေအရ အရေးယူထားသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြိတ်မြို့၌ ဝန်ထမ်းများနှင့်တွေ့ဆုံ

ရန်ကုန်　ဇွန်　၂၅

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့တွင် မြိတ်မြို့သို့ ရောက်ရှိသည်။

ဝန်ကြီးသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။　(သတင်းစဉ်)

ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံး သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး ညှိနှိုင်း

နေပြည်တော်　ဇွန်　၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့မှ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များ၊ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီများ၊ ဒေသခံ ကြက်သွန်စိုက်ပျိုး ထုတ်လုပ်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို တိုးချဲ့ဖွဲ့စည်းရေး၊ အသင်း၏ ကွပ်ကဲမှုအောက်တွင် ကြက်သွန်ဖြူ၊ ချင်း၊ နနွင်း စသည့် စားဖိုဆောင်သုံး သီးနှံတစ်မျိုးချင်းအလိုက် အစုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းရေး၊ ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တိုးချဲ့စိုက်ပျိုးပို့လျှံမှုကိုသာ ပြည်ပတင်ပို့ရေး၊ ပြည်တွင်း လိုအပ်ချက်၊ ပြည်ပဝယ်လိုအားနှင့် စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေ၊ မြေ အခြေအနေပေါ်မူတည်၍ သုံးနှစ်စီမံချက်ရေးဆွဲပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရေး၊ ကြက်သွန်နီ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် မျိုးစေ့ထုတ်လုပ်ခြင်းကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များက အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများနှင့် ကြက်သွန်နီပွဲရုံ လုပ်ငန်းရှင်များက ပြည်တွင်း ကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်ရေး၊ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။　(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ ကြပ်မတ်စစ်ဆေး

ရန်ကုန်　ဇွန်　၂၅

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းနောင်၊ အတွင်းရေးမှူး ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် အဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြပ်မတ်ကြသည်။　(သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများ

အင်္ဂလန်အသင်းမှ ဒေးဗစ်ဘက်ဟမ်းကန်သွင်းသော ဖရီးကစ်ကို အီကွေဒေါဂိုးသမားမိုရာ ကာကွယ်နိုင်ခြင်းမရှိဘဲ ဂိုးဝင်သွားစဉ်။　(ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်အသင်းက အီကွေဒေါအသင်းကို အနိုင်ရရှိကာ ကွာတားဖိုင်နယ်တက်

စတုဂတ်　ဇွန်　၂၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်ပွဲစဉ်တွင် ပါဝင်သည့် အင်္ဂလန်အသင်းနှင့် အီကွေဒေါအသင်းတို့ ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ဇွန် ၂၅ ရက်က ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက အီကွေဒေါအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အင်္ဂလန်အသင်းမှ ဒေးဗစ်ဘက်ဟမ်းသည် ပွဲချိန် ၅၉မိနစ်တွင် ဖရီးကစ်ကန်သွင်းခွင့်ရရှိခဲ့ပြီး အီကွေဒေါကွင်းဘက်ခြမ်းဝဲဘက်မှ ကန်သွင်းခဲ့ရာ ဂိုးဝင်သွားသည်။ ဘက်ဟမ်းသည် ယင်းသို့ ကန်သွင်းနိုင်ခြင်းဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သုံးပွဲတွင် ဂိုးသွင်းနိုင်သည့် ပထမဆုံးသော အင်္ဂလိပ်လူမျိုးဖြစ်လာသည်။　**အင်တာနက်။**

ဇွန် ၂၃ ရက်က ဘာလင်တွင်ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ယူကရိန်းအသင်းနည်းပြ ဘလော်ကင်က တိုက်စစ်မှူး ရက်ဗ်ချင်ကိုအား နှုတ်ဆက်စဉ်။　(ဓာတ်ပုံ–အင်တာနက်)

တူနီးရှားကို ယူကရိန်းအနိုင်ရသော်လည်း နည်းပြ ဘလော်ကင် စိတ်ကျေနပ်မှုမရှိ

ဘာလင်　ဇွန်　၂၅

ယူကရိန်းအသင်းသည် တူနီးရှားအသင်းကို သောကြာနေ့က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း မိမိအနေဖြင့် ကျေနပ်အားရမှုမရှိကြောင်း အဆိုပါအသင်းမှ နည်းပြ အိုးလက်ဘလော်ကင်က စနေနေ့တွင်ပြောကြားသည်။ ယူကရိန်းအသင်းသည် တူနီးရှားအသင်းကို အနိုင်ရရှိကာ ၁၆ သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်လှမ်းလာနိုင်သော်လည်း ယင်းပွဲတွင် မိမိ၏အသင်း စွမ်းဆောင်မှုမှာ အားရစရာမကောင်းကြောင်း ဘလော်ကင်က ပြောကြားသည်။

ယင်းပွဲတွင် တူနီးရှားအသင်းမှ တိုက်စစ်မှူး ဇီးယက်ဂျာဇီရီသည် ပွဲချိန် ၄၅မိနစ်တွင် ထုတ်ပယ်ခံခဲ့ရခြင်းသည် ယင်းအသင်း ထိခိုက်နစ်နာခဲ့ရခြင်းထက် မိမိတို့အသင်းကို လှောင်ပြောင်စရာဖြစ်ခဲ့ရကြောင်း၊ သို့ရာတွင် ကွင်းအတွင်း၌ ဒိုင်လူကြီးကို ဆင်ခြေမပေးနိုင်ကြောင်း ဘလော်ကင်က ပြောကြားသည်။

ဘလော်ကင်၏ ပြောကြားချက်ကို တိုက်စစ်မှူး အင်ဒရီရှက်ချင်ကိုကလည်း သဘောတူသည်။ ရှက်ချင်ကိုသည် ပြစ်ဒဏ်ဘောကန်သွင်းခြင်းဖြင့် ယူကရိန်းအသင်းအနိုင်ရရှိအောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။ တူနီးရှားအသင်းမှ တစ်ဦးထုတ်ပယ်ခံခဲ့ရပြီးနောက် မိမိတို့အသင်းမှာ ဖိအားပေးမှုအများအပြားနှင့် တွေ့ကြုံခဲ့ရသဖြင့် မိမိ၏ ဘောလုံးသမားများမှာ ကစားကွက်အမျိုးမျိုးကို ဖန်တီးနိုင်ခြင်းမရှိခဲ့ကြောင်း ဘလော်ကင်ကပြောကြားသည်။

အင်တာနက်။

အီတလီအသင်းမှ နက်စ်တာ ကြွက်သားနာကျင်မှုဝေဒနာ ခံစားနေရ

ဘာလင်　ဇွန်　၂၅

ဇွန် ၂၆ ရက်က ကျင်းပမည့် ၁၆ သင်းအဆင့်ပြိုင်ပွဲတွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အီတလီအသင်းမှ နောက်တန်းလူ အလက်ဇန်ဒရိုနက်စ်တာ ပါဝင်ကစားခွင့် မရကြောင်း၊ ၎င်းသည် ကြွက်သားဒဏ်ရာရရှိထားမှုကြောင့် ဘောလုံးကစားနိုင်ခြင်းမရှိကြောင်း ဇွန် ၂၅ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ချက်သမ္မတနိုင်ငံအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲတွင် ကြွက်သားနာကျင်သည့်ဝေဒနာကို ခံစားခဲ့ရသူ နက်စ်တာသည် ပုံရိပ်ဖော်ဓာတ်မှန် နှစ်ကြိမ်ရိုက်ကူးခဲ့ပြီး ဆေးဝါး ကုသမှုခံယူနေရကြောင်း အသင်းဆရာဝန် အင်ရီကိုကက် စတယ်လာစီက ပြောကြားသည်။ အီတလီအသင်းတွင် နက်စ်တာမှအပ အခြားမည်သည့် ဘောလုံးသမားမျှ ထိခိုက်ဒဏ်ရာရရှိထားခြင်းမရှိပေ။ သို့ရာတွင် အီတလီ ကွင်းလယ်ကစားသမား ဒင်နီယယ်ဒီရိုစီမှာမူ လေးပွဲကစားခွင့် ပိတ်ပင်ခံထားရသည်။

အင်တာနက်။

ဆွစ်ဇာလန်အသင်းမှ ဖီးလစ်ဆန်ဒရို့စ် ထိခိုက်ဒဏ်ရာကြောင့် အနားယူရမည်



ထိခိုက် ဒဏ်ရာရရှိထားသော ဆွစ် နောက်တန်းဘောလုံးသမား ဖီးလစ်ဆန်ဒရို့စ်။　(ဓာတ်ပုံ–အင်တာနက်)

စတုဂတ်　ဇွန်　၂၅

ဆွစ်ဇာလန် လက်ရွေးစင်အသင်းမှ ဖီးလစ်ဆန်ဒရို့စ်သည် ရက်သတ္တပါတ်မှ ခြောက်ပတ်အထိ ဘောလုံးကစားနိုင်စွမ်းရှိလိမ့်မည် မဟုတ်ကြောင်း ဆွစ်အသင်းမှ ဆေးဝန်ထမ်းအဖွဲ့က ဇွန် ၂၅ ရက်တွင် ပြောကြားသည်။

ပခုံးရိုးလွဲချော်

အာဆင်နယ်အသင်းမှ နောက်တန်း ဘောလုံးသမား ဆန်ဒရို့စ်သည် တောင်ကိုရီးယားအသင်းနှင့် ဇွန် ၂၃ ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပခုံးရိုးလွဲသွားသည့် ဝေဒနာကို ခံစားနေရသည်။ ဆွစ်အသင်းသည် အဆိုပါပွဲတွင် တောင်ကိုရီးယားအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံး ၁၆ သင်း အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ရှုံးထွက်ပွဲစဉ်အရ ယူကရိန်းအသင်းနှင့် ဇွန် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လောလောဆယ်တွင် ဆန်ဒရို့စ် အနေဖြင့် ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်ပေ။ သို့ရာတွင် ၎င်းသည် ဩဂုတ်လအထိ ဘောလုံးကစားနိုင်မည် မဟုတ်ကြောင်း ဆွစ်အသင်းဆရာဝန် ရိုလန်ဂရိုဆန်က ပြောကြားသည်။

အင်တာနက်။

ဝွနှင့်ကြီခင်းမြို့နယ် ရေဘေးကူညီရေး အနုပညာရှင်များ ပေါင်းစုဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန်　ဇွန်　၂၅

၂၀၀၆ ခုနှစ် မေလအတွင်းက တိုက်ခတ်ခဲ့သည့် မာလာမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်မှ ဂွမြို့နယ်နှင့် ဧရာဝတီတိုင်းကြီခင်းမြို့နယ်မှ ရေဘေးနှင့် လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့လှူဒါန်းရန်အတွက် ရုပ်ရှင်သရုပ်ဆောင်များ၊ စတီရီယို တေးသံရှင်များ၊ ကဗျာနှင့်ပန်းချီအနုပညာရှင်များ စုပေါင်းကျင်းပသည့် “ဝန်တင်လိပ်ပြာ” အမည်ရှိ အနုပညာပေါင်းစုဖြေဖျော်ပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ မစ္စတာဂီတာကဖေး၌ ကျင်းပသည်။

အခမ်းအနားသို့ အလှူရှင်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။ ရှေးဦးစွာ စာရေးဆရာမ ဒေါက်တာလမင်းက ဖျော်ဖြေပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အနုပညာရှင်များက ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ကြသည်။ **(ဓာတ်ပုံ)**　(ကြေးမုံ)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ဩစတြေးလျနှင့် ယူကရိန်းကွာတားတက်ရန် အစွမ်းကုန်ကြိုးစားရမည်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဇွန် ၂၆ရက်(ယနေ့) ပွဲစဉ်တွင် ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲအဖြစ် အုပ်စု(င) ပထမဖြင့်တက်လာသော အီတလီနှင့်အုပ်စု(စ)မှ ဒုတိယဖြင့်တက်လာသည့် ဩစတြေးလျတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်။ ဒုတိယပွဲအဖြစ် အုပ်စု(ဆ)မှ ပထမရသော ဆွစ်ဇာလန်နှင့် အုပ်စု(ဇ)ဒုတိယရသည့် ယူကရိန်းတို့ကစားကြမည်။

အီတလီနှင့် ဩစတြေးလျ

၂၆–၆–၂၀၀၆
ကိုင်ဇာစလော့တန်ကွင်း
အချိန်–ည ၉း၃၀ နာရီ၊ တနင်္လာနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ဩစတြေးလျသည် အုပ်စု(စ)တွင် ဘရာဇီး၊ ခရိုအေးရှား၊ ဂျပန်တို့နှင့်အတူ ပါဝင်သည်။ ပွဲဦးထွက်ဂျပန်နှင့်ပွဲတွင် ဩစတြေးလျသည် သုံးဂိုး–တစ်ဂိုးဖြင့် နိုင်သည်။ ဒုတိယပွဲစဉ်တွင် ဘရာဇီးနှင့်ကစားရသည်။ နှစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးသည်။ နောက်ဆုံးပွဲစဉ်တွင် ခရိုအေးရှားနှင့် နှစ်ဂိုးစီသရေကျသည်။

ပွဲဦးထွက်ပွဲတွင် ကစားပုံကောင်းသော်လည်း ဂျပန်၏ထိန်းချုပ်မှုကိုခံရသည်။ ဂျပန်၏ဦးဆောင်မှုအောက်တွင် ကစားခဲ့ရသည်။ ပွဲပြီးခါနီးမှ အကျပ်အတည်းများကြားမှ ရုန်းထွက်ပြီး ချေပဂိုးနှင့်အနိုင်ဂိုးများရအောင်ကစားနိုင်ခဲ့သည်။ ဒုတိယပွဲစဉ်အဖြစ် ဘရာဇီးနှင့် ကစားရာတွင် ဩစတြေးလျ ယှဉ်ကစားနိုင်ခဲ့သည်။ ဒုတိယဂိုး မပေးခင်အချိန်အထိ ဩစတြေးလျသည် ဘရာဇီး၏ တိုက်စစ်ကိုထိန်းထားသည်။ ခရိုအေးရှားနှင့်ပွဲတွင် ဩစတြေးလျ၏ ကြံ့ရည် ဖန်ရည်ကောင်းမှုကိုတွေ့ရသည်။ ခရိုအေးရှား၏ နောက်မှလိုက်ပြီး ချေပဂိုး ရအောင် လိုက်ကစားသွားသည်။ ယင်းအချက်က ဩစတြေးလျ၏ နည်းဗျူဟာနှင့် နည်းပရိယာယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို လှစ်ပြလိုက်ခြင်းဖြစ်သည်။ မည်သို့ပင် ဖြစ်စေ ဩစတြေးလျသည် နာမည်ကြီး အီတလီအသင်းကို ခြေရည်တူ လိုက်ကစားနိုင်လိမ့်မည်ဖြစ်သည်။

အီတလီသည် အုပ်စု(င)တွင် ဂါနာ၊ ချက်၊ အမေရိကန်တို့နှင့် အတူကျသည်။ ပွဲဦးထွက်တွင် ဂါနာကို နှစ်ဂိုး–ဂိုးမရှိ။ ဒုတိယပွဲစဉ်တွင် အမေရိကန်နှင့် တစ်ဂိုးစီ သရေကျသည်။ နောက်ဆုံးအုပ်စုဗိုလ်လုပွဲတွင် ချက်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။

ဂါနာနှင့်ပွဲတွင် အီတလီသည် အထက်စီးမှ ကစားသွားသည်။ ပွဲကို ကြိုက်သလို ခြယ်လှယ်ကစားသွားသည်။ အမေရိကန်နှင့်ပွဲတွင် ကစားပုံကောင်းသည်။ တစ်ဖက်အသင်း၏ ကြမ်းကြမ်းတမ်းတမ်းဖျက်မှုကြောင့် လိုသလို ကစား၍ မရခဲ့ခြင်းဖြစ်သည်။ ချက်နှင့်ပွဲတွင် အီတလီ၏ ခြေစွမ်းရည် အပြည့်ကိုတွေ့ရသည်။ ချက်၏အဓိကကစားသမားများကို ထိန်းချုပ်ပြီး ပွဲကို ဦးဆောင်ကစားသွားသည်။ ၎င်းခြေရည်အတိုင်း ကစားမည်ဆိုလျှင် ယခုယှဉ်ပြိုင်ကစားမည့် ဩစတြေးလျကို အနိုင်ရနိုင်သည်ဟု ထင်မိပါသည်။

ဩစတြေးလျအသင်းမှာ ဥရောပအတွေ့အကြုံရှိသော ကစားသမားများ ပါဝင်သကဲ့သို့ နည်းပြဆရာ ဟင်းဒစ်မှာလည်း နည်းပရိယာယ် ကြွယ်ဝသူတစ်ဦး ဖြစ်သည်။ ဩစီအသင်းအနေဖြင့် အီတလီ၏တိုက်စစ်ကို မည်၍မည်မျှ တောင့်ခံနိုင်မည်နည်း။ မည်သို့ပင်ဖြစ်စေ အီတလီ၏ကွားတားဖိုင်နယ် တက်ရောက်ရာ လမ်းမှာ ဖြောင့်ဖြူးလျက်ရှိနေသည်။

ဂမ်ဆိုင်း

ဆွစ်ဇာလန်နှင့် ယူကရိန်း

၂၇–၆–၂၀၀၆
ကိုးလုံးကွင်း
အချိန်–နံနက် ၁း၃၀ နာရီ၊ အင်္ဂါနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ယူကရိန်းသည် စပိန်၊ တူနီးရှား၊ ဆော်ဒီအသင်းတို့နှင့် အုပ်စု(ဇ)တွင် အတူပါဝင်သည်။ ပွဲဦးထွက် စပိန်နှင့် ကစားရာတွင် လေးဂိုးပြတ်ရှုံးသည်။ ဒုတိယပွဲတွင် ဆော်ဒီကို လေးဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ နောက်ဆုံးပွဲတွင် တူနီးရှားကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။

စပိန်နှင့်ကစားသောပွဲတွင် ယူကရိန်းသည် ယှဉ်ပြီးကစားနိုင်သည်။ တစ်ဂိုးသာ စပိန်ကကစားကွက်ဖြင့် သွင်းယူသွားခြင်းဖြစ်သည်။ စပိန်ကွင်းလယ်ကို ကောင်းစွာဖျက်ထုတ်ပြီး ထိန်းထားနိုင်သည်။ ဆော်ဒီနှင့်ပွဲတွင် ယူကရိန်း၏ ခြေရည်ခြေသွေးကို အပြည့်အဝတွေ့ရသည်။ ကွင်းလယ်ကစားကွက် ပိုကောင်းလာသည်။ ဆော်ဒီဘက်သို့ ထိုးဖောက် ကစားနိုင်သည်။ ရှက်(ဗ်)ချင်ကို၏ ဦးဆောင်သော တိုက်စစ်ကို ပီပီပြင်ပြင်တွေ့ရသည်။ သို့သော် တူနီးရှားနှင့်ပွဲတွင် ယူကရိန်းသည် ပြိုင်ဘက်၏ ထိန်းချုပ်မှုကိုခံရသည်။ ကစားကွက်လည်း ပျောက်ပျောက်သွားသည်။ ထို့အပြင် အသင်း၏အားထားရသော နောက်တန်း ကစားသမားနှစ်ဦးသည် အဝါကတ်ပြစ်ဒဏ်ကြောင့် ဒုတိယအဆင့်ရှုံးထွက်ပွဲတွင် ဝင်ရောက်ကစားခွင့်မရတော့ချေ။ ယင်းအချက်က ယူကရိန်းကို အထိနာစေသော အချက်ဖြစ်သည်။

ဆွစ်ဇာလန်သည် (ဆ)အုပ်စုတွင် ပြင်သစ်၊ တောင်ကိုရီးယား၊ တိုဂိုတို့နှင့် အတူပါဝင်သည်။ ပွဲဦးထွက် ပြင်သစ်နှင့် ကစားရာ ဂိုးမရှိ သရေကျသည်။ တိုဂိုနှင့်ပွဲတွင် နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်သည်။ နောက်ဆုံးပွဲစဉ်တွင် တောင်ကိုရီးယားနှင့် တွေ့သည်။ နှစ်ဂိုး–ဂိုးမရှိနိုင်ပြီး အုပ်စုပထမရသည်။

ပွဲဦးထွက်ပြင်သစ်နှင့်ကစားစဉ်က ဆွစ်ဇာလန်သည်ပြိုင်ဘက်၏ အဓိက ကစားသမားများကို ထိန်းချုပ်ကစားသွားသည်။ ၎င်းပွဲတွင်နောက်တန်းကောင်းသည်။ တိုဂိုနှင့်ပွဲ၌ ကွင်းလယ်ကစားကွက်ကောင်းပြီး ဂိုးရအောင်ဖန်တီးနိုင်သည်။ ရှေ့၊ လယ်၊ နောက်တို့ဟန်ချက်ညီညီဖြင့် ကစားသွားသည်။ တောင်ကိုရီးယားနှင့်ပွဲတွင် ဆွစ်ဇာလန်၏ခြေစွမ်းအမှန်ကိုတွေ့ရသည်။ တောင်ကိုရီးယား၏ တိုက်စစ်ကို ပိုင်ပိုင်နိုင်နိုင်ခုခံကစားသွားသည်။ ရရှိလာသောအခွင့်အရေးကို အသုံးချပြီး တန်ပြန်တိုက်စစ်ဆင်သည်။ အထူးသဖြင့်ခံစစ်ကြောင်းမာသည်။ ယူကရိန်း၏ တိုက်စစ်ကို ဖျက်ထုတ်သွားနိုင်သည်။

ကစားခဲ့သောပွဲများအားခြုံငုံသုံးသပ်ကြည့်ရာတွင် ဆွစ်ဇာလန်က ယူကရိန်းထက် ကစားပုံပို၍ငြိမ်သည်။ တစ်ဖက် အသင်း၏ဖိအားပေးမှုကြောင့် ကစားကွက် ဖရိုဖရဲဖြစ်သည်ကိုမတွေ့ရ။ ၎င်းခြေစွမ်းအရဆိုလျှင် ဆွစ်ဇာလန်က ယူကရိန်းကို အနိုင်ရနိုင်သောအလားအလာရှိသည်။ ။

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဖခင်ကြီး ဦးရှင်ဟု–မိခင်ကြီးဒေါ်တင်တင်တို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၉၂လမ်းနေ ဒေါက်တာ သိန်းဆွေ–ဒေါက်တာခင်လှဝင်း မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော် ငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက် သံလွင်လမ်းနေ အစ်မများနှင့် ဦးကြည်ညွန့်၊ ဦးသန်းမြင့် မိသားစုတို့က အလှူတော်ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ ဇွန် ၃ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရတနာပုံအနုပညာခန်းမဖွင့်ပွဲ အထိမ်းအမှတ် ဂန္ထဝင်နှင့် လက်ရာမွန် ပန်းချီပြပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မန္တလေးအသင်း(ရန်ကုန်) ရတနာပုံ အနုပညာခန်းမဖွင့်ပွဲ အထိမ်းအမှတ် အဖြစ် ဂန္ထဝင်နှင့် လက်ရာမွန်အမည်ရှိ ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့် အမှတ်(၆၂၈/၆၃၂) ပထမထပ်ရှိ မန္တလေးအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ မန္တလေးအသင်း ဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့်၊ အသင်းဥက္ကဋ္ဌ ဦးမြသောင်း တို့က ဖဲကြိုးဖြတ်၍ ရတနာပုံ အနုပညာခန်းမကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဂန္ထဝင်နှင့် လက်ရာမွန် ပန်းချီ ပြပွဲကို ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

ဂန္ထဝင်နှင့်လက်ရာမွန်ပန်းချီပြပွဲကို ယနေ့မှ ဇူလိုင် ၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။ ပြပွဲတွင် ဂန္ထဝင်မြောက်ပန်းချီကား ၂၉ကားအပါအဝင် ပန်းချီကား ၂၆၄ ကားတို့ကို ပြသထားပြီး ပြပွဲဖွင့်ပွဲယနေ့တွင် ပန်းချီကားခုနစ်ကား ကို ပြပွဲလာသူများက ဝယ်ယူကြသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းနှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ (၂၇၆)တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇူလိုင် ၃ရက်မှ ၉ရက်အထိ မိုးကုတ်ဝိပဿနာ ဓမ္မကထိက ဦးကောဏ္ဍည အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရား သစ္စာလေးပါးတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုကြသောယောဂီများ ဇွန် ၃၀ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း–၅၅၉၆၀၄ သို့ လည်းကောင်း ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

လက်ခံ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာနေ ဗိုလ်မှူးကျော်စိုးဝင်း–ဒေါ်နှင်းငွေရည်ဝင်းတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ကမ္ဘောဇလမ်းနေ ကွယ်လွန်သူ ဒေါ်မြရင်အား ရည်စူး၍ ညီမများဖြစ်ကြသော ဒေါ်ရင်ကြည်၊ ဒေါ်တင်မိနှင့် မိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက်၊ ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာစေရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်

ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၅၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၅) ဖြန့်ချိ

ရန်ကုန် ဇွန် ၂၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၂၅)တွင် နေပြည်တော်၌ ပို့ကုန်သွင်းကုန်လိုင်စင်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ ဘဏ်စနစ်ကို အားထားလာ၊ မြန်မာ–ထိုင်း–တရုတ်–အိန္ဒိယ ချိတ်ဆက်မည့် ရထားလမ်းမကြီး ဖောက်လုပ်သွားမည်။ ယူကေနှင့် စင်ကာပူ တက္ကသိုလ်များတွင် ပညာသင်လိုသူများ Regent မှ အခမဲ့ဝန်ဆောင်မှုပေးမည်စသည်ဖြင့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အလားအလာကောင်းနေတဲ့ အီတလီ၊ ဥရောပသားတွေရဲ့ ချန်ပီယံအိပ်မက်ကို ရှေ့တစ်လှမ်းတိုးပြီး ခြိမ်းခြောက်လာတဲ့ ဘရာဇီး၊ ကမ္ဘာ့ဖလားပွဲကြိုသုံးသပ်ချက်များအပါအဝင် ဒီပွဲကြည့်ချင်လွန်းလို့ နှုက်မိတာပါ၊ သမ္မတဘုရှ်က အီရန်နိုင်ငံအား ရာဇသံပေး၊ ဝန်ကြီးချုပ်ဟောင်း မဟာသီယာအား ပါတီမှထုတ်ပယ်ရေး စဉ်းစားတော့မည်လား၊ ကယ်ဆယ်ရေးစက်ရုပ်ပြိုင်ပွဲ ထိုင်းအဖွဲ့က ကမ္ဘာ့ချန်ပီယံဆုဆွတ်ခူး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (က–ပ)

ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၅

အခြေခံနှင့် အဆင့်မြင့် သံတမန်ကျွမ်းကျင်မှု သင်တန်းသား၊ သင်တန်းသူများ၏ နဝမအကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာ ဘုရားဝင်း၊ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အပတ်စဉ်အားလုံးမှ သင်တန်းသား၊ သင်တန်းသူများ ပါဝင်ကုသိုလ်ပြုကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုနိုင်ဝင်း ဖုန်း–၀၉–၈၉၂၃၅၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မြန်မာနိုင်ငံဓာတ်ပုံအသင်း မိုးရာသီဓာတ်ပုံပစ္စည်းရောင်းပွဲ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ကြီးမှူးကျင်းပသော မိုးရာသီဓာတ်ပုံပစ္စည်း ဈေးရောင်းပွဲတော်ကို ဇွန် ၂၄ ရက်မှ ဇွန် ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အမှတ်(၂၇/၂၉) ၃၅ လမ်း အောက်လမ်း ကျောက်တံတားမြို့နယ်ရှိ အသင်းခန်းမတွင် ပြသလျက်ရှိပြီး ကင်မရာနှင့် အပိုပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူမှောင်ခိုနှင့် အကြမ်းဖက်မှုဥပဒေဆိုင်ရာ ဟောပြောပွဲကို ဇွန် ၂၁ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းငွေ အဖွင့်အမှာစကားပြောကြားစဉ်။ (အမျိုးသမီးရေးရာ)



ဇွန် ၁၆ ရက်က မော်ဘီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်း (၁/၂၀၀၆)ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုဝေက အဖွင့်အမှာစကားပြောကြားစဉ်။ (က–ပ)

မော်ဒန်အချစ်များ ဆက်လက်ပြသ

ရန်ကုန် ဇွန် ၂၅

ဇွန် ၂၆ ရက် တနင်္လာနေ့တွင် ယခင်သောကြာနေ့မှစ၍ ရုံတင်ပြသနေသော မြန်မာရုပ်ရှင်ကား မော်ဒန်အချစ်များဇာတ်ကား တစ်ကားတည်းသာ မြို့လယ်ရုံသုံးရုံဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်း ဆက်လက်ပြသလျက်ရှိသည်။

မော်ဒန်အချစ်များ

ကျော်စေ ရုပ်ရှင်ထုတ်လုပ်ရေးမှ အကြည်တော်၏ ဝတ္ထုဇာတ်လမ်းကို အကြည်တော်၊ နေစိုးသော်နှင့် ခင်မောင်ကျော် (မန္တလေး)တို့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင် ရိုက်ကူးသည့် **မော်ဒန်အချစ်များ** ဇာတ်ကားမှာ ကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာ မုဆိုးဖိုတစ်ဦး၏ သမီးတစ်ယောက်ဖြစ်သူ တိမ်ညိုမိလ္လာအမည်ရှိ မိန်းကလေးတစ်ဦးနှင့် တက်နေရောင် အမည်ရှိ အဆိုတော်လူငယ်တစ်ဦးတို့ တိမ်ညိုမိလ္လာ၏ ဖခင် ဦးမိုးတိမ်၏ ငယ်ချစ်ရည်းစား ဒေါ်ဆောင်းကြာခြည်၏ ကုမ္ပဏီ အရောင်းမြှင့်တင်ရေးပွဲတွင် ဆုံစည်းမိကြရာမှ သံယောဇဉ်တွယ်မိကြပြီး လူငယ်နှစ်ဦးသာမက ဦးမိုးတိမ်နှင့် ဒေါ်ဆောင်းကြာခြည်တို့ လူကြီးနှစ်ဦးပါ နောက်ဆုံးပေါင်းဖက်မိကြပုံကို ဟာသရောစွက်၍ ရိုက်ကူးထားသည့် ဟာသဇာတ်ကားတစ်ကားဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မေသဉ္ဇာဦးနှင့် ဝိုင်းစုခိုင်သိန်းတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

မြို့လယ်ရုံ သုံးရုံတွင် တစ်ပြိုင်တည်း ပြသလျက်ရှိသည့် မော်ဒန်အချစ်များ ဟာသဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ရှေ့ဆောင်ရုံတွင် ပြသဆဲ လူစွမ်းကောင်းကြီး ဇောရိုး၏ ဇာတ်လမ်းဖြစ်သည့် The Legend Of Zorrow နှင့် နေပြည်တော်ရုံတွင် အပျော်စီးသင်္ဘောကြီးတစ်စီး သမုဒ္ဒရာအတွင်း နစ်မြုပ်ပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် Poseidon ဇာတ်ကားများ ဆက်လက်ပြသလျက်ရှိသည်။ (ကြေးမုံ)

ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ ပြည်တွင်းပြည်ပရတနာကုန်သည် ၂၃၂၅ဦး ရောက်ရှိဝယ်ယူ

ရန်ကုန် ဇွန် ၂၅

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ ဇွန် ၂၀ ရက်မှ ယနေ့ညနေ ၄နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ၊ ကုမ္ပဏီ ၃၈၈ခုမှ ရတနာကုန်သည် ၁၄၃၉ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၇၆ခုမှ နိုင်ငံသားရတနာကုန်သည် ၈၈၆ ဦး စုစုပေါင်း ပြည်တွင်းပြည်ပရတနာကုန်သည်ပေါင်း ၂၃၂၅ ဦး ရောက်ရှိနေကြပြီး ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။

အထူးရတနာရောင်းချပွဲအစီအစဉ်အရ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ညနေ ၄နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၆၀၂ တွဲကို ယူရိုငွေဖြင့် ရောင်းချရသည်။

အထူးကျောက်စိမ်းအတွဲများရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၈၆၂တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချရန်တင်ပြသည့်အနက် ယမန်နေ့နှင့် ယနေ့ညနေအထိ ကျောက်စိမ်းအတွဲ ၇၈၂တွဲကို ရောင်းချခဲ့ပြီး ကျန်ရှိသောအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းအတွဲ ၃၅၆တွဲကို ဈေးပြိုင်စနစ်ဖြင့် ဇူလိုင် ၄ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ကျောက်စိမ်း ကျောက်မျက်နှင့် ပုလဲအထူး ရောင်းချပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှု လေ့လာကြစဉ်။ (သတင်းစဉ်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီကို ယုံကြည်အားထားမှုမရှိ ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၁ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၂၅

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ဦးမြစိန်၊ဦးတင်ဆွေ၊ ဦးကျော်ထွန်း၊ ဦးကျော်တင်၊ ဦးချစ်စိန်၊ ဦးစံဘ၊ ဦးဒေါင်းရီ၊ ဦးညိုစိမ့် တို့သည် မေ ၂၄ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးစိန်ရ၊ ဦးစိုးမြင့်၊ ဦးတင်အောင်နှင့် ဦးစိန်သင်တို့သည် မေ ၂၈ ရက် တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးစိုးဝင်းနိုင်တို့သည် မေ ၂၉ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင်ဦးသန်းနှင့် ဦးရွှေတို့သည် မေ ၃၀ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးမြင့်သန်း၊ ဦးသန်း၊ ဦးထွန်းမြိုင်နှင့် ဦးလှအုန်းတို့သည် ဇွန် ၁ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးထွန်းလှိုင်၊ ဦးသိန်းတန်၊ ဦးခင်မောင်ဝင်းနှင့် ဦးမြင့်အောင်တို့သည် ဇွန် ၂ရက် တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးညိုဝင်း၊ ဦးကောင်းအေးနှင့် ဦးကံညွန့်တို့သည် ဇွန် ၃ ရက်တွင်လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်နှင့် အတွင်းရေးမှူး ဦးချစ်မွှေးတို့သည် ဇွန် ၄ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ NLD ပါတီကို ယုံကြည်အားထားမှု မရှိတော့ခြင်းကြောင့် ယခုကဲ့သို့ NLD ပါတီဝင်အဖြစ်မှ လည်းကောင်း၊ ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူစစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းနှင့် ဦးထွန်းဝင်းတို့သည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ခဲ့ကြပြီးဖြစ်သဖြင့် ရေဦးမြို့နယ် NLD ပါတီမှ စုစုပေါင်း ၃၁ဦး နုတ်ထွက်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး**
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်တာနက်သတင်း

အိန္ဒိယနိုင်ငံတွင် ပထမဆုံးအကြိမ် ရိုးရွိုက်စ်ကား အရောင်းပြခန်းဖွင့်လှစ်

နယူးဒေလီ ဇွန် ၂၅

အိန္ဒိယစီးပွားရေးတိုးတက်လာမှုနှင့်အတူ ကြွယ်ဝချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ ဝယ်ယူသုံးစွဲနိုင်စေရန် ဂျာမနီနိုင်ငံမှ ရိုးရွိုက်စ်ကားကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် ပထမဆုံးအကြိမ် မော်တော်ယာဉ်အရောင်းပြခန်းတစ်ခုကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဇွန် ၂၅ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ရိုးရွိုက်စ်ကားကုမ္ပဏီသည် အိန္ဒိယနိုင်ငံဈေးကွက်တွင် တစ်နှစ်လျှင် ဖန်တမ် (Phantom) အမျိုးအစား ဇိမ်ခံကား ၁၀ စီးမှ ၁၂ စီးအထိ ရောင်းချနိုင်မည်ဟု မျှော်လင့်ထားသည်။

ရိုးရွိုက်စ်ကားကုမ္ပဏီသည် ဩစတြေးလျနှင့်စင်ကာပူနိုင်ငံများ နည်းတူ အိန္ဒိယဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဟု မျှော်လင့်သည်။ အဆိုပါကုမ္ပဏီသည် တရုတ်နိုင်ငံတွင် ကားရောင်းချသည့်ပြခန်း သုံးခန်းဖွင့်လှစ်ထားပြီး တစ်နှစ်လျှင် ၄၅စီးမှ ၅၅စီးအထိ ရောင်းချရသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

ဆောင်းပါးအညွှန်း

✡ ***မြန်မာနိုင်ငံတော်အစိုးရဟာ မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ဘက်စုံ၊ ကဏ္ဍစုံမှာ တိုးတက်ဖြစ်ထွန်းဖို့ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"ကို ၁၉၉၆၊ ဇူလိုင် ၃ရက်နေ့မှာ စပြီး (NGO အဖြစ်) ဖွဲ့စည်းပေးခဲ့တယ်။ အခုဆိုရင် ၁၀ နှစ်တောင် ပြည့်ခဲ့ပါပြီ။***

အဲဒီလိုစတင်ဖွဲ့စည်းပေးခဲ့တဲ့နေ့ဖြစ်တဲ့ ဇူလိုင် ၃ရက်နေ့ကို "မြန်မာ အမျိုးသမီးများနေ့"အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့တာ ၁၉၉၈ခုနှစ်ကပါ။ အခုဆို ရှစ်နှစ်ရှိပါပြီ။

မောင်ဒွဲဒိုး၏ "မဟတ္တမဂန္ဒီနဲ့တူသတဲ့လား" (ဆောင်းပါး)

စာမျက်နှာ–၆